Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၅၈) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက် | နှစ်သစ်ကူးအထူးထုတ် | ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

## တွေ့ဆုံဆွေးနွေးပွဲအောင်မြင်ရန် သာယာသောနိုင်ငံရေးပတ်ဝန်းကျင်အခြေအနေ ဖန်တီးရမည် (၅၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် အဖွဲ့ချုပ်တောင်းဆို

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်း အထမြောက်အောင်မြင်စေရန် သာယာသောနိုင်ငံရေးပတ်ဝန်းကျင်အခြေအနေများကို မလွဲမသွေ ဖန်တီးပေးရမည်ဟူ၍ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင်ကျရောက်သော (၅၇)ကြိမ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ ကြေညာချက်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖော်ပြထားသည်။

ယင်း နိုင်ငံရေးပတ်ဝန်းကျင်အခြေအနေများမှာ (၁)အကျဉ်းကျခံနေရသော နိုင်ငံရေးသမားများနှင့် နေအိမ်များတွင် အကျယ်ချုပ်ကျခံနေရသော နိုင်ငံရေးသမားများကို ယနေ့မှစ၍ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရေး၊ (၂) လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီးသော နိုင်ငံရေးအကျဉ်းသားများအပေါ်တွင် ပြုလုပ်ထားသည့် ခံဝန်ချက်များကို ပယ်ဖျက်ပေးရေး၊ (၃) နိုင်ငံရေးယုံကြည်ချက်ရှိသူများအပေါ် ဖမ်းဆီးချုပ်နှောင်ရန် ယခင်အစိုးရများက ပြဋ္ဌာန်းခဲ့သည့် မလိုလားအပ်သောဥပဒေများ (ဥပမာ- ပုဒ်မ ၅/ည) အပါအဝင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၁၀(က)/(ခ)တို့ ပါဝင်သော ၁၉၇၅ခုနှစ်၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်မှုဥပဒေတို့ကို ပြန်လည်ရုတ်သိမ်းပေးရေး၊ (၄) နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်၍ရယူနိုင်သော ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေး စာချွန်တော်အမိန့်၊ တားမြစ်စေ စာချွန်တော်အမိန့်၊ အာဏာပိုင်ပေး စာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့်တို့ကို ပြန်လည်ကျင့်သုံးနိုင်ခွင့်ပေးရေး၊ (၅) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်၍ စည်းရုံးလှုပ်ရှားနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်နယ်တိုင်းများနှင့် မြို့နယ်ရုံးများကို အမြန်ဆုံးပြန် လည်ဖွင့်လှစ်ရေးဟူသည့် အချက် (၅) ချက်ဖြစ်သည်။



၂၀၀၂ ခုနှစ်၊ (၅၄)ကြိမ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားကို အဖွဲ့ချုပ်၌ ကျင်းပခဲ့စဉ်က

အဖွဲ့ချုပ်သည် လွတ်လပ်ရေးနေ့မတိုင်မီ တွေ့ဆုံဆွေးနွေးမှုများကျင်းပရန် နအဖ စစ်အုပ်စုကိုတောင်းဆိုခဲ့သော်လည်း နအဖက လိုက်လျောမှုမရှိခဲ့ပေ။ ယခုထုတ်ပြန်ကြေညာချက်တွင်ပါရှိသည့် အဖွဲ့ချုပ်၏အဆိုပြုချက်ကိုလည်း နအဖက လျစ်လျူရှုမည်သာဖြစ်မည်ဟု မြန်မာ့ရေးရာကျွမ်းကျင်သူ မဟီဒေါတက္ကသိုလ်မှ ထိုင်းပညာရှင်တဦးက ထုတ်ဖော်ပြောဆိုသည်။ မြန်မာ့နိုင်ငံရေးသည် အမျိုးသားပြိုကွဲမှုဆီသို့ဦးတည်လျက် တချိန်ချိန်တွင် အထွေထွေပေါက်ကွဲမှုကြီးဖြစ်လာကာ အိမ်နီးနားချင်းနိုင်ငံများသို့ပါ ဂယက်ရိုက်လာနိုင်သည်ဟု MPU အတွင်းရေးမှူး ဒေါ်စန်းစန်းက မိုးကြိုးသို့ ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ❖

## စီအာရ်ပီပီနှင့် တွေ့ဆုံဆွေးနွေးရေး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ထပ်မံတောင်းဆို

၁၉၉၀ပြည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံရသည့် အဲန်အယ်လ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက် (၄၃)ဦးက ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နေ့စွဲဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ)နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် အဲန်အယ်လ်ဒီ၏ ဥက္ကဋ္ဌဖြစ်သော ဦးအောင်ရွှေထံသို့ လက်မှတ်ရေးထိုး ပန်ကြားခဲ့သည်ဟု သိရှိရသည်။

ယင်းပန်ကြားချက်တွင် ၂၉-၈-၂၀၀၄ ခုနှစ်က ပေးပို့ခဲ့သော စီအာရ်ပီပီနှင့်တွေ့ဆုံဆွေးနွေးရန် တောင်းဆိုချက်အကောင်အထည်မဖော်သေးသောကြောင့် ထပ်မံတောင်းဆိုခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

စီအာရ်ပီပီနှင့် တွေ့ဆုံဆွေးနွေးရန် ယခုလိုတောင်းဆိုရခြင်းမှာ စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေး၊ တမျိုးသားလုံးခံစားနေရသော လူမှုဒုက္ခအပေါင်းမှ လွတ်ကင်းရေး၊ ပြည်သူ့လွှတ်တော်တရပ်ခေါ်ယူဖွဲ့စည်းပေးရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးရှိသော ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်ထွန်းရေးဟူသော အကျိုးတရားများကို ရည်ရွယ်ကြောင်း သိရှိရသည်။

စီအာရ်ပီပီ စတင်ဖွဲ့စည်းစဉ်က အဲန်အယ်လ်ဒီနှင့် မိတ်ဆွေပါတီများ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အခွင့်အာဏာပိုင်ခွင့် (Mandate) ကို စီအာရ်ပီပီသို့ လွှဲအပ်ပေးခဲ့သည်။

၁၉၉၀ ပြည့်ရွေးကောက် ပွဲတွင် ရွေးချယ်တင်မြှောက်ခံရသူ ကိုယ်စား လှယ် (၄၈၅) ဦးအနက် ယင်းအချိန်အထိ (၂၆)ဦး ကွယ်လွန်ခဲ့ပြီဖြစ်သဖြင့် ကျန်ရှိသူ (၄၅၉)ဦးတို့ထဲမှ ထက်ဝက်ကျော် (၂၅၁) ဦးက စီအာရ်ပီပီအား အခွင့်အာဏာပိုင်ခွင့် (Mandate)ကို လွှဲအပ်ထားခဲ့သည်။

❖

## သဘောထားကွဲလွဲမှုများကြောင့် နအဖ ဒု ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ ပစ်သတ်ခံရ တပ်မတော် ထိပ်ပိုင်းအရာရှိကြီးများ လေးလပတ်အစည်းအဝေးကျင်းပ



သဘောထားကွဲလွဲမှုများကြားက အားပြိုင်နေသည့် နအဖ စစ်ခေါင်းဆောင်များ

မဆလ အစိုးရများအဆက်ဆက်က တည်းက အစဉ်အလာမပျက် ကျင်းပလေ့ရှိသည့် တပ်မတော် ထိပ်ပိုင်းအရာရှိကြီးများ၏ လေးလပတ်အစည်းအဝေးကို ယခုလဆန်းအတွင်း ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ ပေါ်လစီမူဝါဒများ၏ အကြီးအကျယ် သဘောထားကွဲလွဲမှုများ နက်နက်ရှိုင်းရှိုင်း ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် နအဖ၏အမျိုးသားညီလာခံကိစ္စ၊ ဗိုလ်ခင်ညွန့်အား အရေးယူသည့်ကိစ္စရပ်နှင့် အပစ်အခတ်ရပ်အဖွဲ့များနှင့် ဆက်ဆံရေးအခြေအနေများတွင် အကြီးအကျယ်သဘောထားကွဲပြားမှုများ ဖြစ်ပေါ်ခဲ့သည်။ နအဖ ဒု-ဥက္ကဋ္ဌ ဗိုလ်မောင်အေး၏ ကိုယ်ရေးအရာရှိ ဒု-ဗိုလ်မှူးကြီး ဘိုဝင်းထွန်းမှာ အရာရှိကြီးတဦး၏ လက်ချက်ကြောင့် သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်အထိ နအဖထိပ်ပိုင်းတွင် အကွဲအပြားများ ဖြစ်ပေါ်ခဲ့သည်ဟု ရန်ကုန်သတင်းများအရ သိရှိရသည်။

ဒု-ဗိုလ်မှူးကြီး ဘိုဝင်းထွန်းသည် နေ့ည (၁၁)နာရီတွင် တာဝန်ထမ်းဆောင်ရင်းကွယ်လွန်သဖြင့် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားအပြည့်ဖြင့်သဂြိုလ်မည်ဟူသော နာရေးကြော်ငြာနှင့်စပ်လျဉ်း၍ စစ်တပ်ရေး ရာကျွမ်းကျင်သူတဦးဖြစ်သူ ဦးဇော်ငြိမ်းလတ်က ''ဒီအသုံးအနှုန်းတွေဟာ ထူးဆန်းနေတယ်။ တကယ်လို့ ထောက်လှမ်းရေးက ပြောခိုင်းတဲ့အတိုင်း ဒေါ်ကေသီစိုးသိန်း (ဘိုဝင်းထွန်း၏ဇနီး)ကပြောသလို သူ့ကိုယ်သူ သတ်သေတယ်ဆိုခဲ့ရင် ယခုလိုတာဝန်ထမ်းဆောင်ချိန်မှာကျဆုံးတာတို့ စစ်အခမ်းအနားအပြည့်နဲ့ သဂြိုလ်တာတို့ (စစ်အခမ်းအနားအပြည့်ဆိုရင် အလံအောက်ချ၊ သေနတ်အောက်ချ၊ သေနတ်ဖောက်လုပ်ရသည်) လုပ်ရတာမဟုတ်ပါ။ တကယ်လို့ အရာရှိကြီးတွေထဲကတောင် မကျန်းမာလို့ကွယ်လွန်ခဲ့ရင် စစ်

[redacted]

## မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# "မြင်းလှုပ်မှ ခုံကလှုပ်မည်"

"အဖွဲ့အစည်းတရပ်အား သမိုင်း၏အချိုးအကွေ့တခု၌ ယင်းကာလလူ့အဖွဲ့အစည်း ဆက်လက်ရှင်သန်နိုင်ရေးအတွက် အလိုအပ်ဆုံးသောအရာတခုကိုဆောင်ကျဉ်းရန် ပြည်သူလူထုမှ တာဝန်ပေးအပ်မှုများသည် ထူးခြားသော်လည်း မရိုးသည့်သမိုင်းဖြစ်စဉ်တခုဖြစ်သည်။ ယင်းအဖွဲ့အစည်း၏ ပခုံးပေါ်ကျရောက်လာသော သမိုင်းတာဝန်ကို ကျေပွန်မည်လော၊ သို့တည်းမဟုတ် မကျေပွန်မည်လောဆိုသည့်အချက်ကို ယင်းအဖွဲ့အစည်းအား တာဝန်ခံသော ပုဂ္ဂိုလ်တို့၏ လုံ့လဝိရိယ၊ ဇွဲသတ္တိ၊ ကိုယ်ကျိုးစွန့်လွတ်အနစ်နာခံမှု၊ ပိုင်းဖြတ်မှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးတို့က ပြဋ္ဌာန်းပေသည်။

ပထမလွတ်မြောက်ရေးတိုက်ပွဲကြီးတွင် ပြည်သူတရပ်လုံး၏ လိုအင်ဆန္ဒဖြစ်သော လွတ်လပ်ရေးကို ဖဆပလ တပ်ပေါင်းစုကြီး၏ခေါင်းဆောင်မှုဖြင့် ရယူခဲ့သည်မှာ သမိုင်းတွင်အထင်အရှားဖြစ်သည်။ ယင်း ဖဆပလ တပ်ပေါင်းစုကြီးတွင်ပါဝင်သော ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း စသည့်ခေါင်းဆောင်များ၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကို နမူနာယူ၍ ယခုကာလ တပ်ဦးအလံကိုင်ဖြစ်သည့် စီအာရ်ပီပီခေါင်းဆောင်များ (တနည်းအားဖြင့် အဲန်အယ်လ်ဒီ စီအီးစီများ)သည် ပြည်သူတရပ်လုံးပါဝင်ဆင်နွှဲနိုင်မည့် သင့်တော်လျော်ကန်သည့် ဒီမိုကရေစီဝန်းကျင်သစ် ဖန်တီးရေးတိုက်ပွဲအားဦးဆောင်ရန် အခြေအနေအရပ်ရပ်က အပူတပြင်းတောင်းဆိုလျက်ရှိသည်။ ဤနေရာ၌ စီအာရ်ပီပီ၏အခန်းကဏ္ဍနှင့် တာဝန်ပိုင်းကိုဆန်းစစ်သင့်သည်။ ရှစ်လေးလုံးအရေးတော်ပုံ၊ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ် စီအာရ်ပီပီ ဖွဲ့စည်းခြင်းတို့သည် ကြောင်းကျိုးဆက်တရားများဖြစ်သည်ဆိုပါက အကြောင်းတရားဖြစ်သော စီအာရ်ပီပီသည် မည်သည့်အကျိုးတရားကို မွေးဖွားမည်နည်း။ စီအာရ်ပီပီမှထုတ်ပြန်ခဲ့သော အမိန့်ဥပဒေများ၊ ဖွဲ့စည်းခဲ့သောကော်မတီများသည် သမိုင်းအမှိုက်ခြင်းထဲတွင်သာရှိတော့မည်လော သို့တည်းမဟုတ် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အဓိပ္ပာယ်ရှိ၍ ခွန်အားပါသည့် မည်သည့်ခြေလှမ်းမျိုးကို လှမ်းမည်နည်းဆိုသည့်မေးခွန်းမှာ စီအာရ်ပီပီအဖွဲ့ဝင်များ ပြောဆိုရမည့် မေးခွန်း ဖြစ်ပေသည်။

စီအာရ်ပီပီကို ၁၉၉၈ စက်တင်ဘာ(၁၆)ရက်၌ ထိုအချိန်အထိ အသက်ရှင်နေကျန်ရစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၅၉)ဦးအနက် (၂၅၁) ဦး၏ အခွင့်အာဏာပိုင်ခွင့် (Mandate) အရ တမျိုးသားလုံးခံစားနေရသော လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်ရေး၊ ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေး၊ ပြည်သူ့လွှတ်တော်တရပ် ခေါ်ယူဖွဲ့စည်းပေးရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရှိသော ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ထွန်းရေးဟူသော အကျိုးတရားများကိုရည်စူး၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ (၆)နှစ်ကျော်ကြာခဲ့ပြီဖြစ်သည့် စီအာရ်ပီပီသည် မူလဖွဲ့စည်းစဉ်က ချမှတ်ခဲ့သောရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်စွမ်း(သို့)ဖော်ရန် စိတ်ဆန္ဒရှိပါ၏လောဟူသော သို့လော .... သို့လော သံသယများ ပြည်သူတို့၏နှလုံးအိမ်ဝယ် စွန်းထင်းလာစပြုနေပြီဖြစ်သည်။ ပြည်သူတို့၏အစဉ်အလာနှင့် ဓလေ့အရ မြင်းလှုပ်မှခုံကလှုပ်မည်ဖြစ်သည်။ မြင်းမလှုပ်ဘဲ ခုံလှုပ်ရန်စီစဉ်မည့် အဆင့်အထိ ပြည်သူတို့က အသိဉာဏ်မကင်း။ စစ်အာဏာရှင်စနစ်ကို နှစ်ငါးဆယ်ဆိုးဆိုးဝါးဝါးခံစားနေရသော ပြည်သူတို့က သူတို့၏ အတွေ့အကြုံအရ မြင်းလှုပ်မှ ခုံကလှုပ်ရမည်ဟူသည့် သဘာဝတရားကို ကောင်းစွာသဘောပေါက်သူများ ဖြစ်ပါသည်။

နှိုင်းယှဉ်ချက်အရ ပြည်တွင်းပြည်ပ အခြေအနေအရပ်ရပ်အရသော်လည်းကောင်း၊ ယနေ့ကာလမတူ ထူးခြားချက်များအရသော်လည်းကောင်း၊ သဏ္ဍာန်အရမတူညီသော်လည်း အနှစ်သာရအရဆိုလျှင် စီအာရ်ပီပီသည်ဖဆပလကဲ့သို့ပင် နိုင်ငံရေးအရခွန်အားရှိသည့် ပြည်သူတရပ်လုံးကထောက်ခံသည့် တပ်ပေါင်းစုကြီးဖြစ်ပါသည်။ ယနေ့ကာလ တပ်ဦးအလံကိုင် စီအာရ်ပီပီတပ်ပေါင်းစုကြီးသည် သူ၏သမိုင်းတာဝန်ကို ကျေပွန်မည်၊ မကျေပွန်မည်ကို မဝေးကွာလှတော့သည့်ကာလတွင် အဖြေထွက်လာတော့မည်ဖြစ်ပါကြောင်း ....။❖

# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက လွှတ်တော် ပေါ်ပေါက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်



ပြည့်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အစည်းအဝေးတခုကျင်းနေစဉ်

CRPP ပြည်သူလွှတ်တော်ကိုယ်စားပြုကော်မတီ၏ အထူးအစည်အဝေးတရပ်ကို ဇန်နဝါရီ(၁၁)နေ့က ရန်ကုန်(NLD)ရုံးချုပ်တွင်ကျင်းပခဲ့ပြီး CRPP အနေဖြင့် ပြည်သူလွှတ်တော်ပေါ်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချခဲ့သည်ဟုသိရသည်။ CRPP အတွင်းရေးမှူး ဦးအေးသာအောင်က ပြည်သူလွှတ်တော်ပေါ်ပေါက်ရေးအတွက် နိုင်ငံရေအရအခြေအနေတရပ်ရပ်ကိုသုံးသပ်၍ အဖြစ်နိုင်ဆုံးနည်းလမ်းကို ရွေးချယ်ဆောင်ရွက်သွားမည်ဟု အစည်းအဝေးအပြီးတွင် ဒီဗွီဘီသတင်းဌာနသို့ ပြောကြားသွားသည်။

အစည်းအဝေးတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကိုဆွေးနွေးခဲ့ပြီး အကျဉ်းကျခံနေရသော NLD ဒုဥက္ကဋ္ဌ ဦးတင်ဦး အတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် အခြားလွှတ်တော်ကိုယ်စာလှယ်တဦးမှလွဲ၍ ကျန်အဖွဲ့ဝင် (၁၅) ဦးလုံး အစုံအလင် တက်ရောက်ခဲ့ကြသည်ဟု သိရသည်။

CRPP ကို ၁၉၉၈ စက်တင်ဘာ(၁၆) ရက်နေ့ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးနှင့် ပြည်သူ့လွှတ်တော်မပေါ်ပေါက်မီ လွှတ်တော်၏တာဝန်များကိုထမ်းဆောင်ရန် NLD နှင့်တိုင်းရင်းသား(၄)ပါတီဖြင့် ဖွဲ့စည်းခဲ့သည်။

# စီအာရ်ပီပီနှင့်အဲန်အယ်လ်ဒီကို ခြိမ်းခြောက်သည့်စာများ ဂျာနယ်အချို့တွင် ဖော်ပြ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတရပ် ပေါ်ပေါက်လာရေးအတွက် မမှိတ်မသုန်ဆောင်ရွက်နေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာရ်ပီပီနှင့် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အား ရန်ကုန်အပတ်စဉ်ထုတ်ဂျာနယ်များတွင် ခြိမ်းခြောက်တိုက်ခိုက်ထားသည့်ဆောင်းပါးများ ထည့်သွင်းဖော်ပြနေကြောင်း သိရသည်။

ယခုလနှစ်ဆန်းပိုင်းက စီအာရ်ပီပီနှင့် အဲန်အယ်လ်ဒီတို့က တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ရန် အချိန်တန်နေပြီဖြစ်ကြောင်း နအဖအဖွဲ့ထံစာရေးတောင်းဆိုခဲ့ခြင်းနှင့် စပ်လျဉ်း၍ စစ်ထောက်လှမ်းရေးအဖွဲ့ပိုင် မြန်မာတိုင်းမ်ဂျာနယ်နှင့် ပန်းသတင်းဂျာနယ်တို့တွင် မောင်ပြည်သူအမည်ခံဆောင်းပါးရှင်တဦးက 'မျက်နှာသာပေး ရွှေရေးပန်းကန် မတက်သင့်ပါ'ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၅ ရက်နေ့မှ ၁၁ ရက်နေ့ထိ ဆောင်းပါးများရေးသားခဲ့ခြင်းဖြစ်သည်။ ထိုဆောင်းပါးတွင် 'အဲန်အယ်လ်ဒီသည် ယင်းတို့မူလလျှောက်လှမ်းခဲ့သည့်နိုင်ငံတော်အစိုးရအား တိုက်ရိုက်ရင်ဆိုင်ရန် လမ်းကြောင်းကိုပင် ထပ်မံလျှောက်လှမ်းရန်တာဆူလိုက်ခြင်းဖြစ်သည်' ဟု ရေးသားခဲ့ပြီး 'တည်ဆဲဥပဒေအရ တရားဝင်အဖွဲ့အစည်းမဟုတ်သော စီအာရ်ပီပီကို လက်နက်အဖြစ် ကိုင်ဆောင်အသုံးပြုလာ'ကြောင်း ပြစ်တင်ရေးသားထားသည်။

ယင်းက စီအာရ်ပီပီသည် တရားမဝင်ဖွဲ့စည်းထား၍ အချိန်မရွေးအရေးယူနိုင်ကြောင်းကိုလည်း အဆိုပါ ဆောင်းပါးတွင် ထည့်သွင်းခြိမ်းခြောက်ထားသည်။

စာနယ်ဇင်းများတွင် အတိုက်အခံများအပေါ် ခြိမ်းခြောက်ရေးသားသည့်စာများ ထည့်သွင်းဖော်ပြရနေရခြင်းသည် ပြည်ထဲရေးလက်အောက်ခံ စာပေစိစစ်ရေးအဖွဲ့က ဖိအားပေးမှုကြောင့်ဖြစ်ကြောင်း ရန်ကုန်မှ စာနယ်ဇင်းသမားများက ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုဆောင်းပါးများဖော်ပြနေခြင်းကို စီအာရ်ပီပီအဖွဲ့ဝင် ဇိုမီးအမျိုးသားကွန်ဂရက်ဥက္ကဋ္ဌ ပူကျင့်ရှင်းထန်က ' ဒါ ကျနော်တို့ကိုခြိမ်းခြောက်တာ' ဟု မှတ်ချက်ချပြောဆိုခဲ့သည်။

စီအာရ်ပီပီကို ၁၉၉၈ ခု စက်တင်ဘာ ၁၆ ရက်နေ့တွင် အဲန်အယ်လ်ဒီက ဦးဆောင်ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားပါတီများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၅၁ ဦးတို့က ထောက်ခံကာ လုပ်ပိုင်ခွင့်များပေးအပ်ထားသည်။❖



ဇိုမီးအမျိုးသားကွန်ဂရက်ဥက္ကဋ္ဌ
ပူကျင့်ရှင်းထန်



# လွှတ်တော်ကိုယ်စားပြုကော်မတီသည် ယနေ့ကာလ ဒီမိုကရေစီရေးတိုက်ပွဲကြီး၏ မီးရှူးတန်ဆောင်ဖြစ်သည့်တစ်ဦးအလံကိုင်အဖွဲ့ကြီးလည်းဖြစ်သည်



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်များ

၁၉၉၈ ခုနှစ် စက်တင်ဘာ(၁၆)ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ပထမအစည်းအဝေးဆုံးဖြတ်ချက်များ ....

(၁) ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ်များကို အခြားမည်သည့်ဥပဒေနည်းဥပဒေအမိန့်အာဏာများဖြင့်လည်းကောင်း၊ မိမိတို့ဆန္ဒ အရလည်းကောင်း၊ နှုတ်ထွက်ခြင်းများနှင့် ထုတ်ပယ်ခြင်းများကို မည်သူကမှ ပြုလုပ်နိုင်ခြင်းမရှိကြောင်း ....။

(၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒေါက်တာဦးစောမြအောင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)အား ရွေးကောက်တင်မြှောက်လိုက်ကြောင်း ....။

(၃) လွှတ်တော်၏သက်တမ်းကို အများပြည်သူတို့ကလက်ခံနိုင်ပြီး ဒီမိုကရေစီမူများနှင့် ကိုက်ညီသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို ဤလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးသည့်အချိန်အထိ သတ်မှတ်ကြောင်း ....။

(၄) နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့် အထွေထွေအကျပ်အတည်းများကို ပြည်သူ့လွှတ်တော်ကသာ ဆောင်ရွက်ပေးနိုင်သည်ကြောင့် အောက်ပါအဖွဲ့များ၏ လွှတ်တော်ခေါ်ယူပေးရေးကိစ္စနှင့်ပတ်သက်၍ တောင်းဆိုချက်များကို ဤကော်မတီက အထူးလေးနက်စွာ ထောက်ခံကြိုဆိုကြောင်း ....။

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက နဝတ/နအဖထုတ်ပြန်သည့် ဥပဒေများ၊ အမိန့်များ တရားမဝင်ကြောင်း ကြေညာခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာ(၁၈)ရက်နေ့မှစ၍ ထုတ်ပြန်ခဲ့သည့် ဥပဒေများ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြေညာချက်များသည် ပြည်သူ့လွှတ်တော်အတည်မပြုသည့် တရားမဝင်ကြောင်း ....

× × × ကျနော် ဒီနေ့နိုင်ငံတော်အာဏာကိုယူထားတဲ့အခါမှာ ကျနော်လုပ်ချင်တာ များတယ်ဆိုတာကို မဖြစ်စေရဘူး။ ကျနော် စည်းနဲ့စနစ်နဲ့လုပ်သွားတယ်ဆိုတာကို ကျနော် လွှတ်တော်ကို လွှတ်တော်ပေါ်လာရင် ရွေးကောက်ပွဲပြီးရင် ကျနော်လွှတ်တော်ကို တင်ပြမယ် × × ×

(မှတ်ချက်။ ၁၉၈၉ ခုနှစ်ဇူလိုင်လ(၅)ရက်နေ့က နဝတ ဥက္ကဋ္ဌ၏ ပြောကြားချက်မှ ....)

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက တင်ပြသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်သင့်သည့် အချက်အလက်များ ....

အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတွင် .... ....

၁။ အပြည့်အဝဆုံး ဒီမိုကရေစီအခြေခံများကို ကျင့်သုံးရမည်။

၂။ တိုင်းရင်းသားလူမျိုးများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို အသိအမှတ်ပြုရမည်။

၃။ မည်သည့်လူမျိုးကိုမှ အထူးအခွင့်အရေးပေးခြင်း မရှိစေရ။

၄။ တန်းတူရည်တူ ပြည်ထောင်စုမူဖြင့် ပေါင်းစည်းရမည်။

၅။လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတနိုင်ငံဖြစ်သည့်အားလျော်စွာ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ရှိသောပြည်နယ်များတွင် ကိုယ်ပိုင်အုပ်အုပ်ချုပ်ခွင့်ရဒေသများနှင့် တိုင်းရင်းသားအထူး ဒေသများကို ဖွဲ့စည်းပေးသင့်ပေသည်။

အနာဂတ်မြန်မာနိုင်ငံအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် မြန်မာနိုင်ငံ၏ ၁၉၄၇–ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏အားနည်းချက်များနှင့် နိုင်ငံအချို့၏ ပြည်ထောင်စု ဖွဲ့စည်းပုံစနစ်များကိုလေ့လာပြီး ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ လက်ရှိအခြေအနေများနှင့်ကိုက်ညီအောင် ရေးဆွဲရန်လိုပါသည်။ ဤသို့ရေးဆွဲရန်မှာလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ဒီမိုကရေစီကျပြီး ပွင့်လင်းသော (ပင်လုံကဲ့သို့) အမျိုးသားညီလာခံတွင် ဆွေးနွေးညှိနှိုင်းပြီး အခြေခံသဘောတူညီချက်ကို ဆုံးဖြတ်ရယူသင့်ပေသည်။ ယခုတင်ပြသည့် ဖွဲ့အုပ်ချုပ်ပုံအခြေခံဥပဒေရေး ဆွဲရာတွင် ပါဝင်သင့်သည့် အချက်အလက်များမှာ လေ့လာဆွေးနွေးရန်အတွက် တင်ပြခြင်း သာဖြစ်ပြီး အသေးစိတ်တင်ပြရန်မရည်ရွယ်ပါ။

(ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ''မြန်မာနိုင်ငံလူမျိုးစုပြဿနာနှင့်အနာဂတ် ပြည်ထောင်စုအရေးစာတမ်းမှ .... ) ❖



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် တိုင်းပြည်နှင့်ပြည်သူအားလုံး (အားလုံး) အတွက် အကျိုးပြုလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ပေါ်လာသည့်အခါ (ပေါ်ပေါက်လာရမည်လည်းဖြစ်ပါသည်) အဆင်သင့် ဆောင်ရွက်သွားနိုင်ရန်အတွက် ရိုးသားဖြောင့်မတ်ဖြူစင်စွာ ပြည်သူလူထု၏ ထောက်ခံမှုဖြင့် ကိုယ်အားရှိသမျှ ဉာဏ်အားရှိသမျှ ဆောင်ရွက်သွားမည်ကို သန္နိဋ္ဌာန်ပြုထားပါကြောင်း ....။

အောင်ရွှေ

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ



မည်သို့ပင်ဖြစ်စေ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ကြသည့် နိုင်ငံရေးပါတီများအနေနှင့် ပြည်သူလူထုကပေးအပ်ခဲ့သောတာဝန်ကို ဦးလည်မသုံဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချ ထားပြီးဖြစ်သည်နှင့်အညီ ပြည်သူတို့၏ ဆန္ဒကို အောင်မြင်စွာအကောင်အထည်ဖော်နိုင် ရေးအတွက် ၁၆၊ ၉၊ ၁၉၉၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကိုတရား ဝင်ဖွဲ့စည်းလိုက်ရခြင်းဖြစ်ပေသည်။

အေးသာအောင်

အတွင်းရေးမှူး

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ



ပြည်သူ့လွှတ်တော်အောင်မြင်စွာခေါ်ယူပြီး လွှတ်တော်စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့် အခြေအနေ မရောက်နိုင်သေးသည့်အချိန်ကာလအတွင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်မှ မိမိဆန္ဒအရသော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ဆန္ဒအရ ခိုင်းစေချက်အရသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ မနှုတ်ထွက်နိုင်ပါ။ မည်သူမည်သည့်အဖွဲ့အစည်းကမှလည်း လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်မခေါ်ယူမီကာလအတွင်း ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်၍မရနိုင်ပါ။ ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်နေ ကြရမည်သာဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူအပေါ် သစ္စာစောင့်စည်းကြောင်း ပြသရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်

အထွေထွေအတွင်းရေးမှူး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**လွှတ်တော်ကိုယ်စားပြုကော်မတီအား ဝိုင်းရံကြ**
**လူထုတိုက်ပွဲဆင်နွှဲကြ**
**ဒီမိုကရေစီအရေးတော်ပုံ အောင်ရမည်**

အမေရိကန်အတွက် အာရှနဲ့ဆက်ဆံရေးကို ပြန်လည်ကောင်းမွန်အောင်တည်ဆောက်ဖို့အတွက် ဆူနာမီဒုက္ခသည် ကူညီရေးကိစ္စကို အခွင့်အလမ်းတခုအဖြစ်အသုံးချနိုင်ပါတယ်။ ဒီအချိန်မျိုးမှာ၊ အထူးသဖြင့် အကူအညီတွေ သောက်သောက်လဲလိုအပ်နေတဲ့အချိန်မျိုးမှာ တကယ့်မိတ်ဆွေစစ်ဖြစ်တယ်ဆိုတာထုတ်ပြလို့ အကောင်းဆုံးဖြစ်ပါတယ်။

လူတွေဖန်တီးခဲ့တဲ့ စက်တင်ဘာ ၁၁ကိစ္စကြီးမှာ အမေရိကန်တွေနဲ့ထပ်တူ အာရှနိုင်ငံသားတွေအနေနဲ့ဆုံးရှုံးခဲ့ရတဲ့ အရည်အတွက်ထက် အခုသဘာဝတရားကြီးကြောင့် ကြေကွဲဆုံးရှုံးခဲ့ကြရတဲ့အရည်အတွက်က အဆပေါင်းကောင်းမွန်အောင်ကြိုးစားဖို့ တိုက်ပွဲဝင်စရာလက်နက်ကောင်းအဖြစ် ဖန်တီးယူနိုင်ပါတယ်။ အပြောမဟုတ်ဘဲ အလုပ်နဲ့သက်သေပြရမှာဖြစ်ပါတယ်။ **သူ့ရဲ့ ပထမအိမ်ဖြူတော် လေးနှစ်သက်တမ်းကတော့ အရာရာအမေရိကန်ပထမဆိုတဲ့ ပေါ်လစီပေါ်မှာ အမြစ်တွယ်လာခဲ့တာ ဖြစ်နေလေတော့ အခုလို အခြားသူတွေက မဝံ့မရဲနဲ့ကြိုဆိုနေကြတာဖြစ်ပါလိမ့်မယ်။** ပထမအကြိမ်ဆိုတာ ဒုတိယအကြိမ်မှာ ပုံဖော်ဖို့လိုအပ်တဲ့ မိတ္တူချုပ်ကားပေါ်က ကောက်ကြောင်းတွေနဲ့ တူပါတယ်လို့ ခန့်မှန်းသူတွေက ကောက်ချက်ချပါတယ်။

တိုကိုဖိအားပေးဖြုတ်ချနိုင်ခဲ့ ၂၀၀၀ ခုနှစ်မှာ အမေရိကအပေါ် ယေဘုယျသဘောထား ကောက်ခံရာမှာ အင်ဒိုနီးရှားနိုင်ငံသား ၇၅ ရာခိုင်နှုန်းဟာ အကောင်းမြင်မှုရှိခဲ့ပြီး အခုတော့ ဒီထောက်ခံမှုစာရင်းဇယားတွေဟာ ၁၅ရာခိုင်နှုန်းထိတောင် ထိုးကျသွားခဲ့ပါတယ်။

အကယ်၍ ကိုယ်ကကောင်းတဲ့အလုပ်ကို လုပ်နေတဲ့အချိန်မျိုးမှာတောင်မှ ခြေလှမ်းအမှားတွေနဲ့ သဘောထားတုံ့ပြန်ပုံတွေ လွဲချော်မှုတွေဖြစ်ခဲ့မယ်ဆိုရင် အဲဒီအပေါ်မှာ အစ္စလာမ်အစွန်းရောက်တွေက တကယ့်အမြတ်ထုတ်စရာ အကွက်ဖြစ်သွားနိုင်ပါတယ်။

မစ္စတာဘုရှ်အနေနဲ့ ဆူနာမီဘေးဆိုး



# ဆူနာမီ၊ ဘုရှ်နှင့် အာရှသဘောထား

## သံဒိုင်း၈ဝ

များစွာပိုပါတယ်။ သမတကြီးဘုရှ် ဘယ်လိုတုံ့ပြန်မလဲဆိုတာ စောင့်ကြည့်နေကြပါတယ်။ သုံးနှစ်တာအတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးအပေါ် ခပ်မိုက်မိုက်လုပ်ခဲ့ရလို့ အကြောမျက်ခဲ့ရတဲ့ဆက်ဆံရေးတွေကို ပြန်လည်ကုစားဖို့အတွက် အများကြီးအထောက်ကူပြုနိုင်လို့ဖြစ်ပါတယ်။

***'အခုလို ကမ္ဘာကြီးပျက်လုနီးပါး ပူဆွေးသောကရောက်ခဲ့တဲ့အပေါ်မှာ ကျနော်တို့အနေနဲ့ ဖော်ပြလို့ရနိုင်တဲ့အတိုင်းအထက်အဆ ပေါင်းများစွာထက်ကို ဝမ်းနည်းကြေကွဲရပါတယ်'***လို့ မစ္စတာဘုရှ်က ထုတ်ဖော်မှတ်ချက်ချပါတယ်။ ဆူနာမီလာအပြီး ၇၂ နာရီအကြာမှာ ဖြစ်ပါတယ်။ ဒေါ်လာ ၃၅ဘီလီယံကို အရေးပေါ်အကူအညီတွေအတွက်ပေးဖို့ အုပ်ချုပ်ရေးဘက်ကိုပြောခဲ့ပြီးဖြစ်ကြောင်း၊ ပဏာမအစပျိုးမှုသာဖြစ်ကြောင်း အာရှခေါင်းဆောင်းများကို အခိုင်အမာ ပြောဆိုခဲ့ပါတယ်။

ဆူနာမီဘေးဆိုးကြီးက ချန်ထားခဲ့တဲ့ ကူညီရေးကိစ္စတွေဟာ မစ္စတာဘုရှ်အတွက် ပြင်ပကမ္ဘာနဲ့ ဆက်ဆံရေးတွေ ပြန်လည်

***'ကျနော်တို့ဟာ အများဆုံးထည့်ဝင်တဲ့ အလှူရှင်ပါ။ ဒါပေမယ့် ဘယ်သူကမှ ကျနော်တို့ကို အကောင်းမမြင်ကြဘူး။'*** နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ယူအက်စ်အေအိုင်ဒီရဲ့ ညွှန်ကြားရေးမှူး အင်ဒရူးနတ်စီးယော့ မှတ်ချက်ပေးတာပါ။ လွန်ခဲ့တဲ့နှစ်အတွက် ဒေါ်လာ နှစ်ဒသမလေးဘီလီယံကို အမေရိကန်အစိုးရက ဘေးဒုက္ခများကယ်ဆယ်ရေးအတွက် ရံပုံငွေထည့်ခဲ့ပြီး ဒါဟာ တကမ္ဘာလုံးကထည့်ဝင်တဲ့ ရံပုံငွေရဲ့ လေးဆယ်ရာခိုင်နှုန်းနဲ့ တူညီနေပါတယ်။

အင်ဒိုနီးရှားဟာ ကမ္ဘာ့မွတ်စလင်လူဦးအများဆုံး ကမ္ဘာ့နိုင်ငံတခုဖြစ်ပြီး ဆူနာမီရဲ့ ရိုက်ခတ်မှုအပြင်းထန်ဆုံးဖြစ်ပါတယ်။ နောက်ပြီး အစ္စလာမ်အခြေခံဝါဒီတွေရှိတဲ့ စစ်အေးကာလအတွင်းမှာပင် အမေရိကန်အတွက်နိုင်ငံရေးအင်အားတခုမဖြစ်ခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံလိုနေရာတွေမှာ အမေရိကန်အစိုးရ တရားဝင် ပါဝင်ပတ်သက်ရေးအတွက် လမ်းကြောင်းတွေ ရှာဖွေရဦးမှာဖြစ်ပါတယ်။

၁၉၉၇ အာရှငွေကြေးအကျပ်အတည်းမှာ ကြားဝင်ဆောင်ရွက်ပြီးစအချိန်နဲ့ ဆူဟာကြီးကို အလေးပေးဆောင်ရွက်တာဟာ စက်တင်ဘာ(၁၁)ဖြစ်ပြီးတဲ့နောက် သူ့ရဲ့အကြမ်းဖက်မှုတိုက်ဖျက်ရေးအစီအစဉ်မှာ အခြားနိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ခဲ့တာလောက် တူညီတဲ့အရင်းအမြစ်စွမ်းအားတွေ ထုတ်သုံး၊ မသုံးနဲ့ ဘယ်လောက်ထိ သူတို့ကိုအရေးယူမှုရှိမလဲဆိုတဲ့အပေါ်မှာ အာရှနိုင်ငံတွေက ဆုံးဖြတ်သွားနိုင်ကြောင်း အကဲခတ်နေကြပါတယ်။

စက်တင်ဘာ ၁၁အပြီး ရက်အနည်းငယ်အတွင်းမှာ မစ္စတာဘုရှ်ဟာ အာရှ–ပစိဖိတ်စီးပွားရေးထိပ်သီးညီလာခံမှာ ကမ္ဘာကြီးရဲ့ နိုင်ငံခြားရေးပေါ်လစီကို ပြန်လည်ရေးဆွဲရမယ်။ အခြားသူတွေက အကြမ်းဖက်မှုတိုက်ဖျက်ရေးမှာ ဘယ်လောက်အတိုင်းအတာထိ အမေရိကန်နဲ့အတူလက်တွဲသွားနိုင်မလဲဆိုတဲ့ အခြေခံပေါ်မှာစဉ်းစားပြီး မိတ်ဆွေကောင်းတွေ ဟုတ်မဟုတ် အကဲဖြတ်သွားမယ်ဆိုတာကို အတိအလင်း ချပြခဲ့ပါတယ်။

အိမ်ဖြူတော်ရဲ့ရုံးခန်းထဲကို ပထမဆုံးရောက်ခဲ့တဲ့သူကတော့ အင်ဒိုနီးရှားသမတ မဂ္ဂါဝါတီဆူကာနိုပူထရီ ဖြစ်ပါတယ်။ သူမပြောပေါ်မှာ အယ်လ်ကိုင်ဒါလှုပ်ရှားမှုတွေကို ရှာဖွေဖော်ထုတ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာကို အခိုင်အမာပြောဆိုခဲ့ပြီး ပေးထားတဲ့ကတိအပေါ်မှာလည်း အများကြီးအကောင်းဘက်ကနေ ဆောင်ရွက်ခဲ့ပါတယ်။

အခုတခါတော့ အခြားနိုင်ငံတွေကဘယ်လောက် အကူအညီပေးသလဲ၊ ဝါရှင်တန်က ပြည်တွင်းသဘာဝအန္တရာယ် ကာကွယ်ရေးကိစ္စတွေမှာဘယ်လောက်သုံးနေသလဲ။ နောက်ဆုံးမှာတော့ ဒီနေ့အီရတ်စစ်ပွဲမှာ ဘယ်လောက်ထိ အကုန်အကျခံနေသလဲဆိုတဲ့ အတိုင်းအတာတွေနဲ့ နှိုင်းယှဉ်တွက်ချက်ကြပါတော့မယ်။ အမေရိကန်ပြည်ထောင်စု ပြည်နယ်တခုရဲ့ စီးပွားရေးအခြေအနေရှိတဲ့ အရွယ်အစားအားဖြင့်လည်း ပြည်နယ်တခုစာလောက်သာရှိတဲ့စပိန်နိုင်ငံကတော့ ဒေါ်လာ ၆၈ မီလီယံနဲ့ ဩစတြေးလျအစိုးရက ဒေါ်လာ ၂၇ မီလီယံ၊ တရုတ်ကတော့ ထိုင်းဘတ်ငွေ (၂ ⋅ ၃၆)ဘီလီယံကိုသာ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကူညီသွားပါမယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ပြည်တွင်းသုံးအခြေအနေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဟာရီကိန်းမုန်တိုင်းအကူအညီတွေအတွက် ကွန်ဂရက်က ဒေါ်လာ ၁၃ ဘီလီယံသတ်မှတ်ထားပါတယ်။ အများစုကို ဖလော်ရီဒါဒေသအတွက် အဓိကအသုံးပြုသွားမှာ ဖြစ်ပါတယ်။

ဖလော်ရီဒါဆိုတာ မစ္စတာဘုရှ်အတွက် မဲဆန္ဒအဆုံးအဖြတ်မှာ အရေးကြီးတဲ့နေရာဖြစ်ပါတယ်။ ဒီနေ့ဖြစ်ခဲ့တဲ့ ကမ္ဘာကြီးတခုလုံးတုန်လှုပ်လောက်တဲ့ ဆူနာမီကယ်ဆယ်ရေးကိစ္စကတော့ ဟာရီကိန်းလောက်မရှိနိုင်ပါဘူးလို့ မှတ်ချက်ပေးကြပါတယ်။

**'သူတို့ ဒေါ်လာ ၃၅ မီလီယံကိုကူညီမယ်ဆိုတာကို ဆောင့်ကြွားကြွားပြောလိုက်တာ ကျနော်ကြားလိုက်ရတာနဲ့ အိမ်ခေါင်မိုးဖောက်ထွက်သွားမတတ် ထခုန်မိခဲ့တယ်ဗျာ' 'ဒေါ်လာ ၃၅ မီလီယံဆိုတာ အီရတ်မှာကျနော်တို့ ဘရိတ်ဖတ်စ်မနက်စောစော အစာပြေစာလောက်ပါပဲ'** ဒီမိုကရက် အမတ် စီနိတ်တာပက်တရစ်လီဟီးက ကောင်းချီးပေးပါတယ်။

မစ္စတာဘုရှ် ကိုယ်တိုင်မလာနိုင်ပေမယ့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ဦးဆောင်ပြီး ဘန်ကောက်၊ ဂျကာတာစတဲ့ အာရှမြို့တော်ကြီးတွေဆီ ဇန်နဝါရီလ ၄ ရက်နေ့ကရောက်ရှိနေခဲ့ပါပြီ။ ဆူနာမီဘေးဆိုးကြီးက အမေရိကန်ထိပ်တန်းခေါင်းဆောင်ကြီးတဦးကို အာရှခေါင်းဆောင်တွေနဲ့ ဆွေးနွေးအောင်လုပ်ဆောင်နိုင်ခဲ့ပြီ။ သမတဟောင်းတွေဖြစ်တဲ့ မစ္စတာဘုရှ် (အကြီး)နဲ့ မစ္စတာဘေလ်ကလင်တန်တို့ ကိုယ်တိုင်ဦးဆောင်ပြီး တသီးပုဂ္ဂလိကကူညီတဲ့ အစုအဖွဲ့တွေဖွဲ့ကြဖို့ တက်ညီလက်ညီဆောင်ရွက်နေကြပါတယ်။ ယူအက်စ်အက်စ်အေဘရာဟန်လင်ကွန်း သင်္ဘောကြီး၊ အခြားစစ်သင်္ဘောကြီးများ၊ ရဟတ်ယာဉ်များရဲ့ အသံတွေက ဆူနာမီလှိုင်းလုံးရိုက်သံကြီးတွေထက်တောင် ကျယ်ပါတယ်လို့ ဒုက္ခသည်တွေက တင်စားပြောဆိုနေရတဲ့အထိပါ။

နောက်ဆုံးလို့ပြောလို့မရသေးပေမယ့် အမေရိကန်သမတ ဘုရှ်က မူလဂတိပေးထားတဲ့ပမာဏထက် ဆယ်ဆတိုးလိုက်ပြီး ဒေါ်လာ ၃၅၀ မီလီယံအကူအညီပေးမယ်လို့ အခိုင်အမာပြောလိုက်ပါတယ်။

**'ဆူနာမီဒုက္ခသည်လို့သာပြော အရောက်လာခဲ့မယ်ဟေ့'**ဆိုတဲ့ အနေအထားဖြစ်နေပါတယ်။

အကြောတွေတင်းနေခဲ့ကြတဲ့ အမေရိကန်နဲ့အာရှနိုင်အချို့ရဲ့ ဆက်ဆံရေးကို ဆူနာမီဘေးဆိုးကြီးက ဒဏ်တွေချေပေးဖို့ ကြိုးစားနေတယ်လို့ အကဲခတ်ကြပါတယ်။ ဒါပေမယ့် အပေါ်ယံ ဒဏ်ကြေလိမ်းဆေးလောက်သာဖြစ်နေမယ်ဆိုရင်တော့ ရောဂါရဲ့ဇစ်မြစ်ကို မကုနိုင်တဲ့အတွက် ပျောက်သွားမှာမဟုတ်ပါကြောင်း တင်ပြလိုက်ပါတယ် ….။

စာကိုး။ ။ US aid is chance to improve relations by Davide Sanger, NY Times News Service ၏ ဆောင်းပါးကို အဓိက ကိုးကား၍ အခြား နိုင်ငံတကာရေဒီယိုသတင်းများကိုအခြေခံကာ ဤဆောင်းပါးကို ဖန်တီးထားခြင်းဖြစ်သည်။

❖



# မြန်မာနိုင်ငံသည် မင်းဆိုးမင်းညစ်တို့၏ ခြေကုတ်စခန်းဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက် ပြော

မြန်မာနိုင်ငံသည် မင်းဆိုးမင်းညစ်တို့၏ ခြေကုတ်စခန်းဖြစ်သည်ဟု ဇန်နဝါရီ (၂၆) ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ကွန်ဒိုလီဇာရိုက်က အမေရိကန်လွှတ်တော်၌ ပြောကြားလိုက်သည်။

ဇန်နဝါရီ (၁၈) နေ့တွင် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်စဉ် သမတ ဂျော့ဒဗလျူဘုရှ်၏ ဒုတိယသက်တမ်းတွင် ကောလင်းပါဝဲ နေရာတွင် သူမအား အစားထိုးခန့်အပ်ရန် အဆိုတင်သွင်းသည့်အပေါ် အတည်ပြုသည့် လွှတ်တော်ကြားနာပွဲတွင် ရိုက်ကယင်းသို့ ပြောဆိုလိုက်ခြင်းဖြစ်သည်။

'မြန်မာ၊ ကျူဘား၊ မြောက်ကိုရီးယား၊ အီရန်၊ ဘီလာရုစ်နှင့် ဇင်ဘာဘွေနိုင်ငံများသည် အာဏာရှင်ကြီးများ ခြေကုတ်စခန်းများဖြစ်ပြီး အမေရိကန်အစိုးရအနေနှင့် ကမ္ဘာ့အဖိနှိပ်ခံပြည်သူများဘက်မှ ရပ်တည်သွားမည်ဟု မစ္စရိုက်က ပြောဆိုသွားသည်။

မစ္စရိုက်သည် သမတဘုရှ်၏ ပထမသက်တမ်းတွင် အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သမ္မတနှင့် ယုံကြည်ရင်းနှီးသူ၊ အမေရိကန်နိုင်ငံခြားရေး မူဝါဒနှင့်ပတ်သက်၍ စိန်ခေါ်မှုများအတွက် အရည်အချင်းပြည့်ဝသူဟု အများကလက်ခံထားကြသူဖြစ်သည်။ အထက်လွှတ်တော်တွင် ၎င်းကို ထောက်ခံမဲ ၁၆ မဲ၊ ကန့်ကွက်မဲ ၂ မဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူဖြစ်ပြီး သူမက ကမ္ဘာ့လူ့အဖွဲ့အစည်းအတွင်းက လူတိုင်းလွတ်လပ်မှုရရှိဖို့ ဆောင်ရွက်သွားမည်ဟု ဆိုသည်။

အသက် (၅၀)အရွယ် မစ္စရိုက်သည် အမေရိကန်နိုင်ငံ၏ ပထမဆုံးသော လူမည်းအမျိုးသမီး နိုင်ငံခြားရေးဝန်ကြီးတဦးလည်း ဖြစ်သည်။

ထိုအတူ ဇန်နဝါရီလ(၂၀) ရက်နေ့က သမ္မတဘုရှ်၏ ကျမ်းသစ္စာ ကျိမ်ဆိုသည့်ပွဲတွင်လည်း သမ္မတဘုရှ်က အမေရိကန်နိုင်ငံ၏



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
ကွန်ဒိုလီဇာရိုက်

လုံခြုံရေးသည် ကမ္ဘာ့အခြားနိုင်ငံများ၏လွတ်လပ်ရေးတွင်မူတည်နေပြီး၊ လွတ်လပ်မှုမရှိဘဲ တရားမျှတမှုမရှိနိုင်ဟု ပြောဆိုသွားခဲ့သည်။

❖

# မြန်မာနိုင်ငံအား လွတ်လပ်မှုကင်းမဲ့သော နိုင်ငံအဖြစ် သည်အင်ဒီပန့်တန့် သတင်းစာက ဖော်ပြ



မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် ဒုက္ခသည်များကို တောတွင်းတနေရာတွင် တွေ့ရစဉ်

ဇန်နဝါရီလ (၂၀)ရက်နေ့ထုတ် အမေရိကန်နိုင်ငံထုတ် The Independence သတင်းစာကြီးက မြန်မာနိုင်ငံအား လွတ်လပ်မှုကင်းမဲ့သော နိုင်ငံအဖြစ်ဖော်ပြလိုက်သည်။

၁၉၈၈ ခုနှစ်၊ စစ်တပ်ကအာဏာသိမ်းပြီးနောက်ပိုင်း နအဖသည် လူ့အခွင့်ရေးချိုးဖောက်မှုများပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားခြင်း၊ အစိုးရ၏ အဂတိလိုက်စားမှုများ၊ အသက်(၁၂)အရွယ် ကလေးစစ်သား အသုံးပြုနေမှုများကို ဖော်ပြထားသည်။

နအဖသည် ၁၉၉၀ ရွေးကောက်ပွဲကို လျစ်လျူရှုခဲ့သဖြင့် အမေရိကန်နှင့် နိုင်ငံတကာက စီးပွားရေးပိတ်ဆို့အရေးယူခဲ့ရကြောင်း ရေးသားထားသည်။ ထို့ပြင် ဇန်နဝါရီ (၁၃) ရက်နေ့တွင်ထုတ်ပြန်သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်ရေးစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံအား အာရှတွင် လူ့အခွင့်အရေးအဆိုးရွားဆုံးနိုင်ငံအဖြစ် ဖော်ပြခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ဒီပဲယင်းကိစ္စ၊ ကမ္ဘာပေါ်တွင် ကလေးစစ်သား (၄)ပုံ (၁)ပုံရှိပြီး အမျိုးသမီးများအားအဓမ္မပြုကျင့်မှုများကို ထောက်ပြခဲ့သည်။ နအဖအုပ်ချုပ်သော မြန်မာနိုင်ငံအား လူ့အခွင့်ရေးဆိုးရွားသောနိုင်ငံအဖြစ် ILOနှင့် Amnesty Internationalတို့က မကြာခဏ ထုတ်ဖော်ပြောဆိုခဲ့ပြီး Washington Post သတင်းစာ၏ လူ့အခွင့်အရေးစစ်တမ်းတွင် အဆိုးဆုံးအာဏာရှင် (၁၀) နိုင်ငံစာရင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နံပတ်(၂) ဖြစ်ခဲ့သည်။

❖

# ၂၀၀၆ တွင် အာဆီယံသဘာပတိတာဝန်ယူရမည့် နအဖစစ်အုပ်စုကို ဖိလစ်ပိုင်ဆန့်ကျင်မည်

လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆက်မပြတ်ကျူးလွန်နေသည့် နအဖစစ်အုပ်စုကို အာဆီယံအပါအဝင် နိုင်ငံတကာက ယခုထက်ပိုပြီး ဖိအားပေးရန်လိုအပ်ကြောင်း ဖိလစ်ပိုင် အထက်လွှတ်တော်နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ မစ္စပီရီယံဒီဖန်ဆိုဆန်ရေးဂိုးက ဇန်နဝါရီ(၁၈)ရက်နေ့က ပြုလုပ်သည့်ကြားနာပွဲတခုတွင် ပြောကြားလိုက်သည်။

ထို့အပြင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲများဖြစ်မြောက်လာရေးကို မိမိတို့ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် ဖိလစ်ပိုင်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ်တွင် အာဆီယံအလှည့်ကျသဘာပတိအဖြစ် တာဝန်ယူမည့် နအဖစစ်အုပ်စုကို ဆန့်ကျင်ရန်လိုအပ်ကြောင်းလည်း ထည့်သွင်းပြောဆိုခဲ့သည်။ မစ္စပီရီယံက မြန်မာစစ်ခေါင်းဆောင်များသည် ကုလသမဂ္ဂ၊ အီးယူနှင့် ကမ္ဘာ့အသိုင်းအဝိုင်းတခုလုံးက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးရန် အစဉ်မပြတ်တောင်းဆိုနေသော်လည်း နိုင်ငံရေးအကျဉ်းသားအနည်းငယ်ကိုသာ ပြန်လွှတ်ပေးခဲ့ကြောင်း၊ ယခုလို လူ့အခွင့်အရေးချိုးဖောက်နေသည့်မြန်မာနိုင်ငံကို အာဆီယံအဖွဲ့မှ ထုတ်ပယ်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်တန့်ကရပ်ရန် အပြင်းအထန်တောင်းဆိုကြောင်း အာရှတိုက်၏ နိုဘယ်လ်ဆုဟု ခေါ်ဆိုသည့် မက်ဆေးဆေးဆုရှင် မစ္စဖီရီယံဒီဖန်ဆိုဆန်ရေးဂိုးက ပြောကြားသွားခဲ့သည်။

❖

# မြန်မာနှင့် နိုင်ငံတကာကုမ္ပဏီများ ဘယ်သူက ပိုအကျိုးဖြစ်ထွန်းလဲ

နိုင်ငံတကာ လွတ်လပ်သောကုန်သွယ်ရေးအဖွဲ့က (International confederation of free Trade Union) မြန်မာနှင့် စီးပွားရေးလုပ်ကိုင်ခြင်းအမည်ဖြင့် (၂၈)မျက်နှာပါ အစီရင်ခံစာတစောင်ထုတ်ပြန်ခဲ့ရာတွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင်လာရောက်လုပ်ကိုင်ခြင်းသည် စစ်အာဏာရှင်ကြီးများအတွက်သာ အကျိုးဖြစ်ထွန်းစေသည်ဟု ဖော်ပြထားသည်။

အဆိုပါ ICFTU ၏ ယခုနောက်ဆုံး အစီရင်ခံစာသည် နအဖထုတ်ပြန်သော စီးပွားရေးအစီရင်ခံစာများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားသုသေသနတွေ့ရှိချက်များကို အခြေခံခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်မည်ဆိုပါက စစ်အစိုးရနှင့် အပေးအယူမလုပ်ပဲ မဖြစ်နိုင်ကြောင်း၊ စစ်အစိုးရချုပ်ကိုင်ထားသည့် စီးပွားရေးဝန်းကျင်သည် လျို့ဝှက်မှုများ လာဘ်စားမှုများရှိပြီး စစ်အစိုးရက တိုက်ရိုက်ပိုင်ခြင်း၊ မပိုင်ခြင်းသည် ထူးခြားမှုမရှိကြောင်း၊ စစ်အစိုးရသည် စစ်တပ်ပိုင်ကုမ္ပဏီများကိုပိုင်ဆိုင်ပြီး ၎င်းကုမ္ပဏီများကို စစ်ခေါင်းဆောင်ပိုင်နှင့် ၎င်းတို့၏ ဆွေမျိုးအပေါင်းအသင်းများကသာ ပိုင်ဆိုင်ကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သော ၆ နှစ်တာအတွင်း စစ်အာဏာရှင်ကြီးများက စီးပွားရေးလုပ်ငန်းများသည် မြန်မာစီးပွားရေး၏ အဓိကအစိတ်အပိုင်းများတွင်နေရာရလာကာ လွန်ခဲ့သော (၅)နှစ်တာအတွင်း မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမှုများ သိသိသာသာလျော့ကျခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်ခြင်းသည် ရေရှည်တွင်အကျိုးမရှိဟု ပိုမိုသိရှိလာသော ကုမ္ပဏီများသည် မြန်မာနိုင်ငံမှထွက်ခွာခဲ့သော်လည်း၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့်တခြားသော အာဆီယံနိုင်ငံများသည် ဒေသတွင်း အာပြိုင်မှုများပြုလုပ်ကာ တခြားသူများ၏ လမ်းကြောင်းမှ ဖယ်ခွာခဲ့ကြသည်။ စစ်အစိုးရသည်ပြည်တွင်းဝင်ငွေ၏ ၄၀ရာခိုင်နှုန်းကို စစ်စရိတ်အတွက်အသုံးပြုပြီး (၀ ဒသမ ၃) ရာခိုင်နှုန်းမျှသော ပြည်တွင်းထုတ်လုပ်မှုကိုပင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးမပြုခဲ့ဟု အစီရင်ခံစာကဖော်ပြထားသည်။ နိုင်ငံတကာကဖိအားပေးမှုကြောင့် စစ်အစိုးရသည် ယမန်နှစ်က မပြောပလောက်သော အပြုသဘောပြောင်းလဲမှုများ ပြုလုပ်ခဲ့သော်လည်း လူနည်းစုတိုင်းရင်သားများ၏အပေါ် ဘာသာရေးအရဖိနှိပ်မှု၊ အဓမ္မပြောင်းရွှေ့ခြင်း၊ အကြမ်းဖက်ခြင်းများအပေါ်တွင် တာဝန်ရှိနေဆဲဖြစ်သည်ဟုဆိုသည်။

ထို့ပြင် ကလေးစစ်သားကိစ္စ၊ မုဒိန်းမှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများသည် နေ့စဉ်ရက်စက်ဖြစ်ပွားနေပြီး၊ နိုင်ငံရေးအကျဉ်းသားများလည်း အကျဉ်းထောင်ထဲမှမလွတ်မြောက်ကြသေးဟု အပြည်ပြည်ဆိုင်ရာ လွတ်လပ်သောကုန်သွယ်ရေးအဖွဲ့ကြီး၏ အစီရင်ခံစာကဆိုသည်။ ❖

# မြန်မာနိုင်ငံသို့ ခရီးမသွားရောက်ရေး လှုပ်ရှားမှုဗြိတိန်ဝန်ကြီးချုပ် ထောက်ခံ

ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ မလာရောက်ကြရန် မြန်မာ့ဒီမိုကရေစီလှုပ်ရှားသူများ (BC-UK)အဖွဲ့၏ လှုပ်ရှားတောင်းဆိုမှုကို ယခုလ (၁)ရက်နေ့က လန်ဒန်မြို့၌ပြုလုပ်ရာ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲနှင့် အဓိကပါတီ(၂) ခုမှ ခေါင်းဆောင်များအားပေးထောက်ခံခဲ့ကြသည်။

BC-UK သို့ပေးပို့သော မစ္စတာဘလဲ၏စာတွင် 'မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးကတည်းက စစ်အုပ်စုအဆက်ဆက်သည် ပြည်သူတွေအပေါ် ညှင်းပန်းနှိပ်စက်မှု၊ မတရားသတ်ဖြတ်မှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ ကလေးစစ်သားအသုံးပြုမှု၊ အဓမ္မနေရာပြောင်းရွှေ့မှုများ စသော လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်နေကြောင်း ကမ္ဘာလှည့်ခရီးသည်များအနေဖြင့်လည်း မြန်မာပြည်သို့ ခရီးသွားခြင်းသည် မြန်မာပြည်သူများကို ကူညီရာမရောက်ပဲ စစ်အုပ်စုသက်ဆိုးရှည်အောင် ထောက်ပံ့ပေးရာရောက်သည့်အဖြစ်ကို ပြန်စဉ်းစားဖို့လိုသည်'ဟု ဖော်ပြထားသည်။ ဗြိတိန်နိုင်ငံသည် ၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံနှင့် ကုန်သွယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများ မပြုလုပ်ရန် ပေါ်လစီချမှတ်ထားပြီး ဗြိတိန်ပရီးမီးယား ရေနံကုမ္ပဏီအပါအဝင် အခြားကုမ္ပဏီအများအပြား မြန်မာနိုင်ငံမှထွက်ခွာသွားခဲ့ကြသည်။



ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ

BC-UK၏ ယခုတကြိမ်လှုပ်ရှားတောင်းဆိုမှုသည် အသားအရောင်ခွဲခြားရေးစနစ်ဖြင့်အုပ်ချုပ်ခဲ့သော တောင်အာဖရိက အစိုးရကို ဖိအားပေးမှုပုံစံမျိုးဖြစ်ပြီး ဗြိတိန်ပြည်သူများ အားလပ်ရက်တွင် မြန်မာပြည်သို့ အလည်အပတ်မသွားကြရန်နှင့် ၎င်းတို့၏ မိတ်ဆွေများကိုလည်း မသွားရောက်ရန် တိုက်တွန်းသွားစေမည်ဟု သိရသည်။

မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအဖွဲ့ (BC-UK)သည် အင်္ဂလန်နိုင်ငံတွင် အခြေစိုက်ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးထွန်းကားစေရန် မြန်မာစစ်အုပ်စုအပေါ် စီးပွားရေးနှင့် နိုင်ငံရေးဖိအားပေးကြရန် နိုင်ငံတကာကို စည်းရုံးဆော်ဩနေသောအဖွဲ့ဖြစ်သည်။

❖

‘မွေးကြိုင်သောရနံ့ဆိုသည်ကား လေပြည်လေညင်းဆောင်ကြဉ်းခြင်းဖြင့် ဝေးရာအရပ်သို့ ညင်သာစွာ လွင့်ပါးသွားစေနိုင်ပါသည်။ သို့သော်လည်း ဂုဏ်သိက္ခာသတင်းကြီးပြီး၊ ကျော်ဇောခြင်းဟူသည်ကား လေတွင် ညင်သာစွာလွင့်ပါးသွားစေနိုင်ရုံမက လေကိုပင်ဆန့်ကျင်လျက် အရပ်ရပ်သို့ ဆောင်ကြဉ်း ပျံ့နှံ့သွားစေနိုင်ပါသည်’

ပန်းသတင်းက လေညင်းဆောင်သလို လူသတင်းကား လူချင်းဆောင်တာပဲဖြစ်ပါတယ်။ ဆက်စပ်ပြောရမယ်ဆိုရင်၊ အကြမ်းမဖက်တဲ့စိတ်အင်အားဆိုတာဟာ အင်အားတခုပဲဖြစ်ပါတယ်၊ အဲဒီအကြမ်းမဖက်တဲ့ စိတ်အင်အားစုကသာ ညီညွတ်သွားပြီဆိုရင် တိုက်ပွဲမှာအနိုင်ရတော့မှာ မလွဲကေန်ပါ။

ရေးသိက္ခာဆိုတာလည်း ဗလာနတ္ထိဖြစ်ကရောပေ့။ ဓမ္မကို အန္တရာယ်ပြုကြတော့ ဒင်းတို့တတွေ မိစ္ဆာတံခွန်ထူတဲ့ ဓမ္မအန္တရာယ်ရယ်တွေ ဖြစ်ကုန်ကြတာပဲပေ့။ တရားတဲ့မင်းမရှိလေတော့ တရားဆိတ်တဲ့ တိုင်းပြည်ဖြစ်လာရတော့တာပါပဲ၊ မိုက်မဲခြင်းမောဟ ဖုံးလွှမ်းလာတော့ လောဘ၊ ဒေါသတွေနဲ့ အသက်ရှင်နေထိုင်ရတော့တာပါပဲ။ သူတပါးအကျိုးကျေးဇူးကို အလေးမထားတတ်တဲ့ ကိုယ့်အကျိုးကိုယ့်စီးပွားကိုသာကြည့်တတ်တဲ့၊ ကိုယ်ကျိုးရှာတဲ့နေရာမှာသာ တတ်ကျွမ်းလာတဲ့သတ္တဝါတွေ ဖြစ်လာကြရတော့တယ်။ ကိုယ့်ဘာသာကိုခန့်ထားတဲ့ ဗိုလ်ချုပ်လုပ်စားသူတွေပဲ ဖြစ်လာတော့တာပါပဲ။ အဓမ္မမာန်မာနနဲ့အာဏာသိမ်းထားပြီး၊ စစ်အာဏာရှင်



ပါရီမြို့တော်သူဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်
ဒေါက်တာစိန်ဝင်းက ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဆုလက်ခံရယူနေစဉ်

# ဗိုလ်ချုပ်သမီး ဘာကြောင့် ပါရီမြို့တော်သူ ဂုဏ်ထူးဆောင်ဘွဲ့ နှင်းအပ်ခံရပါသလဲ

## အောင်ကို
(Beyond Rangoon)

ကျနော်တို့ခေတ်က ဗိုလ်ချုပ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းပါပဲ။ ဒီလိုပဲ ဒီနေ့ခေတ်မှာ ဗိုလ်ချုပ်သမီးဆိုရင် (ဒေါ်) အောင်ဆန်းစုကြည်ပါပဲ။ အမည်နာမတပ်ပြီးခေါ်ဖို့ မလိုပါဘူး။ ရပ်ကွန်းရှင်လူပြည်သူပြည်သားအားလုံးက ဒီအတိုင်းပဲ သိကြပါတယ်။ အခုလည်း ဒီအတိုင်းပဲ သိကြပါတယ်၊ နောင်မှာလည်း ဒီအတိုင်းပဲ သိနေကြဦးမှာပါ။ ကျနော်တို့ခေတ်အခါကလို့ဆိုရာမှာ ၁၉၅၀ ခုနှစ်ပိုင်းတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ မင်္ဂလာဒုံ ဗမာ့တပ်မတော်လေ့ကျင့်ရေးတပ်မှာ ‘ရဲညွန့်တဦးအနေနဲ့’ ရဲညွန့်တပ်ခွဲမှာ စစ်သင်တန်းတွေတက်ရောက်နေချိန်ဖြစ်ပါတယ်။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်တွေရယ်လို့ တင်စားပြီးအခေါ်ခံခဲ့ရတဲ့ တပ်မတော်သားတွေရဲ့ ခေတ်ကာလလည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်သားတွေလို့ပဲ ဆိုရမှာပါ။

မျက်မှောက်ခေတ်ရောက်လာတော့၊ လွဲမှားတဲ့မာန်၊ အဓိပ္ပာယ်မဲ့တဲ့ ဘဝင်မြင့်တာ၊ မာန်မာနတွေအရင်းခံလို့ ဗိုလ်ချုပ်ကျေးဇူးကိုမေ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုတောင် ‘စုကြည်’ဖြစ်ခဲ့ရပါတယ်။ သူတပါးရဲ့ဂုဏ်သိက္ခာကို မထောက်တတ်၊ ဂုဏ်သိက္ခာမဲ့တဲ့ အလုပ်ကိုလုပ်ကြပြီး၊ မွဲဂုဏ်ကိုးတတ်ကြတဲ့ ဒုစရိုက်သမားတွေလက်ထဲ နိုင်ငံတော်အာဏာရောက်သွားတာကိုး။ လူ့အကျင့်စာရိတ္တနဲ့ကင်း၊ စာရိတ္တဗလနဲ့ ဝေလာဝေးတော့ နိုင်ငံတွေဖြစ်လာကြရတော့ လိမ်လည်လှည့်ဖျားတတ်တဲ့ မုသာဝါဒီတွေဖြစ်လာရတာ မဆန်းပါဘူး။ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဖွယ်ရာမရှိတဲ့ မျက်နှာငယ်လူတန်းစားအနေနဲ့ မျက်နှာပြောင်တိုက်ပြီး မင်္ဂလာမဲ့သူတွေဖြစ်နေကြရတော့တာပဲ မဟုတ်ပါလား။ အဲဒါကိုပဲ ဂုဏ်ယူဝင့်ကြွား ကျေနပ်နှစ်သိမ့်နေကြသေးတယ်၊ လူလူချင်း လှိမ့်လုံးထုတ်လို့ရပါတယ်။ ဒါပေမယ့် ကံအကြောင်းတရားကို လှည့်စားလို့ မရပါဘူး။

အကြမ်းမဖက်ရေးဆိုတာ ဒင်းတို့နားမလည်နိုင်ကြ။ အကြမ်းဖက်မှု၊ အဓမ္မပြုမှုကိုသာသိတတ်ကြတယ်။ ဖောက်ဖျက်ချိုးဖောက်ကျူးကျော်ရန်စ တိုက်ခိုက်တာတွေကိုပဲ အရေးပေး၊ အရေးထား၊ လုပ်ကိုင်ကြ၊ ဒါကြောင့် ကြောက်ရွံ့ခြင်းဘယဘေးဒဏ်ကို ဒင်းတို့ တွေ့ကြုံခံစားနေကြရပြီမဟုတ်လား။ စစ်ယူနီဖောင်းဝတ်တဲ့ ဗမာ့တပ်မတော်သားတွေ သိမ်ငယ်ကုန်ကြရပြီမဟုတ်ပါလား။ မှန်ကန်တဲ့ နိုင်ငံရေးမရှိတဲ့နိုင်ငံ၊ ရှိသင့်ရှိထိုက်တဲ့ နိုင်ငံတော်အစိုးရအဖွဲ့နဲ့ လွှတ်တော်လည်း မရှိတဲ့နိုင်ငံ၊ အကွပ်မရှိတဲ့ကြမ်း ဗရမ်းဗတာဖြစ်နေပါပြီ။

ဒီလိုစစ်ဗိုလ်ချုပ်ကြီးတွေကြီးစိုးတဲ့ စစ်အာဏာရှင်တိုင်းပြည်မှာ တပ်မတော်ဖခင်ဗိုလ်ချုပ်သမီး ဒေါ်အောင်ဆန်းစုကြည်ကို ပြင်သစ်ပြည်က ဂုဏ်ထူးဆောင်ပါရီမြို့တော်သူ အနေနဲ့ ‘ဆု’ချီးမြှင့်ခဲ့တာဟာ တိုင်းပြည်အတွက် ဂုဏ်ယူစရာပါပဲ။ ကမ္ဘာမှာ သူမရဲ့ကောင်းသတင်းနဲ့ ကျော်ဇောထင်ရှားခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း၊ ဂုဏ်ကျက်သရေရှိခြင်း၊ မိမိသိက္ခာကို မိမိထောက်ထားခြင်း၊ မိမိ၏ဂုဏ်သိက္ခာကို မိမိကာကွယ်ခြင်းစသည့် လူ့အရည်အချင်းများနဲ့ ပြည့်စုံသူမို့လည်း ဂုဏ်သိက္ခာရှိသူကို ဂုဏ်ပြုထိုက်တဲ့အတွက် အထင်ကရပါရီမြို့သူဂုဏ်ထူးဆောင်ဆုကို အပ်နှင်းခြင်းဖြစ်တာပါလို့ ကျနော်တို့ မှတ်တမ်းတင်ကြရမှာဖြစ်သလို၊ နိုင်ငံတကာကလည်း စစ်ဗိုလ်ချုပ်လူဆိုး၊ လူမိုက်တွေနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေကို ခွဲခြားကြည့်မြင်သတ်မှတ် ဂုဏ်ပြုတာဖြစ်တယ်လို့လည်း မြင်နိုင်ပါတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် ကျနော်တို့အားလုံးဂုဏ်ယူလေးစားကြရမယ့်အပြင်ကျနော်တို့အတွက် အားတက်စရာဂုဏ်ပြုပွဲဖြစ်ကြောင်းကိုလည်း မှတ်ယူစရာ ဖြစ်ပါတယ်။ တောင်းယူလို့ မရစကောင်း၊ လုယူလို့ မရစကောင်း၊ ဝယ်ယူလို့လည်း မရစကောင်းဖြစ်တဲ့ ဒီဂုဏ်ထူးဆောင် ပါရီမြို့သူဘွဲ့ဟာ ကျနော်ကိုယ်တိုင် ဒီပြင်သစ်ပြည် ပါရီမြို့တော်မှာ နှစ်ပေါင်း (၃၀)ခန့်နေထိုင်ခဲ့သည့် အချိန်ကာလမှာ တခါမှမစဉ်းစားမိတဲ့ကိစ္စတရပ်လည်း ဖြစ်ပါတယ်။ ပါရီမြို့တော်ကြီးရဲ့ ပါရီမြို့တော်ဝန်ရုံးမှာ ဆုပေးပွဲကျင်းပပေးတာကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုနဲ့ အကြမ်းမဖက်တဲ့ဝါဒနည်းလမ်းတွေကို ကမ္ဘာကပိုမိုသိလာအောင် ထောက်ခံပေးလိုက်တာလည်း ဖြစ်ပါတယ်။ မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် နှလုံးသားအားမာန်တိုက်ပွဲဝင်နေကြတဲ့သူတွေ၊ နိုင်ငံရေးယုံကြည်ချက်အတွက် အကျဉ်းကျခံနေရသူတွေကို ထောက်ခံဂုဏ်ပြုလိုက်တာလည်း ဖြစ်ပါတယ်။ ဒီဆုကို Green Party နဲ့ ဆိုရှယ်လစ်ပါတီတွေ ပူးပေါင်းပြီး ကြိုးပမ်းခဲ့တာကြောင့် ပါရီမြို့တော်ဝန်က အတည်ပြုချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိပြင်သစ်ပြည်အစိုးရအနေနဲ့ကတော့ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် နားပိတ်ပါးစပ်ပိတ်၊ ရှေ့တိုးနောက်ဆုတ်စကားရပ်အမျိုးမျိုးကိုသုံး၊ ဒီပလိုမေစီကိုသာ သုံးနှုန်းနေပေမယ့်လည်း ပြင်သစ်ပြည်အတိုက်အခံနိုင်ငံရေးပါတီတွေကတော့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ လျစ်လျူရှုမှုမထားနိုင်တာကို ဖော်ပြလိုက်တာလည်းဖြစ်ပါတယ်။

ကမ္ဘာမှာကျော်ကြားတာက ဒေါ်အောင်ဆန်းစုကြည်ဟာ သူပြောသလိုလုပ်တယ်။ သူလုပ်သလို ပြောတယ်။ သူ့မှာရှိသမျှ ကိုယ်ကျိုးတွေကို လုံးဝဥဿုံစွန့်ပြီး နေထိုင်တယ်။ သောကပရိဒေဝမီးများကို ငြိမ်းသတ်ထားတဲ့ အကြောင်းပါ။ သူမရဲ့ ပြောင်မြောက်လှတဲ့နှလုံးရည်၊ လက်ရုံးရည်စွမ်းရည်သတ္တိတွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက်သာဖြစ်ရမယ့် သဘောပါပဲ။ အဓမ္မဝါဒကို လက်ကိုင်ဒုတ်ထားတဲ့ အဓမ္မဝါဒီများကို သူမကဓမ္မဝါဒသုံးစွဲပြီး ဓမ္မဝါဒီတဦးအနေနဲ့လည်း ရင်ဆိုင်တိုက်ပွဲဝင်နေပါတယ်။ အကြမ်းဖက်တာတွေကို အကြမ်းဖက်ပြီးရင်ဆိုင်ရင် အကြမ်းဖက်ရလဒ်ပဲရပြီး၊ အကြမ်းဖက်သံသရာ မပြီးရာရောက်ပါမယ်။ ဒီအကြမ်းဖက်တာကို အနုနည်းနဲ့ရင်ဆိုင်ဖြေရှင်းနိုင်မှသာ အကြမ်းဖက်တဲ့ကိစ္စ အမြစ်ပြုတ်နိုင်မှာဖြစ်ပါတယ်။ အကြမ်းမဖက်တဲ့ တိုက်ပွဲဝင်မှုဆိုတာဟာ လူထုတရပ်လုံး စည်းလုံးညီညွတ်မှုအင်အားပေါ်မှာ မူတည်ပါတယ်။ ဒါဟာ အများတကာတို့က မတရားမှု ကို ပြန်လှန်တော်လှန်တိုက်ခိုက်တာ ဖြစ်တယ်။ မဟုတ်တာကို ငြိမ်ခံမနေပဲမဟုတ်ဘူးလို့ ရဲရဲရင့်ရင့်နဲ့ ဟစ်အော်ပြောဆိုနိုင်စွမ်းရှိရတာကို အခြေပြုတာလည်းဖြစ်တယ်။ အဲဒီကိစ္စဟာ ရပ်ကွန်းရှင်လူပြည်သူပြည်သားအားလုံးတို့ရဲ့ပါဝင်ဆင်နွှဲမှုနဲ့ တော်လှန်နိုင်မှုစုပေါင်းအားကသာ ပေးနိုင်တဲ့အဖြေတရပ်ဖြစ်ပါတယ်။ ဒီကြမ်းမဖက်တဲ့ အာဏာဖီဆန်မှုဆိုတာဟာ ဖိနှိပ်မှုချုပ်ကိုင်မှုတွေကို ညီညွတ်တဲ့နှလုံးရည်လက်ရုံးရည်အင်အားစုနဲ့ မတရားလုပ်ကိုင်နေတဲ့သူတွေရဲ့ မတရားအုပ်ချုပ်မှုကို ငြင်းပယ်တားမြစ်ပြီး သူတို့တွေနဲ့ပေါင်းသင်းဆက်ဆံခြင်းမလုပ်တာဖြစ်တဲ့အကြောင်း စတဲ့စကားလုံးတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိန့်ခွန်းတွေထဲမှာ အမြဲထင်ဟပ်ဖော်ပြနေပါတယ်။

အရေးကြီးဆုံးအချက်ကတော့ အဲဒီမတရားလုပ်သူတွေကို ကြိမ်းမောင်းဆဲဆိုနေပြီးမာန်ဖီနေကြရင်း သူတို့လိုမဖြစ်သွားဖို့တော့ အလွန့်အလွန်လိုအပ်လှပါတယ်။ လေ့လာကျက်မှတ်ဖတ်ကြားသင်ယူခြင်းကနေ ပြန်လည်ဖောက်သည်ချတတ်တယ်ဆိုတာက သင်ညာပါ။ စူးရှထက်မြက်တဲ့ စိတ်အင်အားစုနဲ့ စူးစမ်းရှာဖွေအားထုတ်ခြင်းနဲ့ ထိုးထွင်းသိမြင်နိုင်စွမ်းရှိတာက ပညာပါ။ “အာဃာမထား မေတ္တာဓာတ်ကိုအခြေခံပြီးတိုက်ပွဲဝင်နေတဲ့ ဗိုလ်ချုပ်သမီးရဲ့စကားနဲ့အတူ မေတ္တာနဲ့ပြုပြင်ပြီး အတိတ်ရဲ့အရိပ်မဲ့အောက်မှာ ဘယ်တော့မှ မလျှောက်ဘူး” ဆိုသည့် အဓိပ္ပာယ်ကိုနားလည်သဘောပေါက်ပြီး လက်တွေ့လျှောက်နိုင်မယ်ဆိုရင် ပညာတရပ်နဲ့ ယှဉ်တွဲနိုင်ပါပြီ။ ငွေဂုဏ်ကိုမကိုး ပညာဂုဏ်ကို သာကိုးတယ်လို့ မှတ်ကျောက်တင်ရတော့မယ်ဖြစ်ပါတယ်။ ❖

**အောင်ကို** (Beyond Rangoon)



**စာရေးသူသည် ပြင်သစ်နိုင်ငံတွင် နေထိုင်သည့် မြန်မာ့ဒီမိုကရေစီရေး အတွက် လှုပ်ရှားဆောင်ရွက်နေသူ တဦးဖြစ်ပြီး ဟောလီးဝုဒ်မှရိုက်ကူးသည့် (Beyond Rangoon) ရုပ်ရှင်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။**

**အယ်ဒီတာအဖွဲ့**

# အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများချမှတ်ရေး နှီးနှောဖလှယ်ပွဲကြီး

# The Basic principles for Future Federal Constitution Seminar.

> **“ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားသည့်နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်၊ တန်းတူရည်တူ ပြည်ထောင်စုစိတ်ဓာတ်အခြေခံမူလမ်းစဉ်ကို သွေဖယ်အားနည်းသွားကြသဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အကြိမ်ကြိမ်ရေးဆွဲ လာခဲ့သော်လည်း ...”**

ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင်စသည့် တိုင်းရင်းသားများသည် ရှေးပဝေသဏီနှစ်ပေါင်းထောင်နှင့်ချီကတည်းက ကိုယ်ပိုင်နယ်မြေများ၊ အသီးသီးစီဖြင့် အတူယှဉ်တွဲနေထိုင်လာကြသော ဌာနေတိုင်းရင်းသားလူမျိုးများ ဖြစ်ကြသည်။

အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့သမားခေတ်ကာလတွင် ကိုလိုနီကိုယ်ကျိုးအတွက် နယ်ချဲ့သမားက တိုက်ရိုက်အုပ်ချုပ်သော ဗမာပြည်မ Burma Proper နောက်ခံသမိုင်းကြောင်း သီးခြားတည်ရှိသည်ကိုအကြောင်းပြုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုထားသော ပြည်ထောင်စု ရှမ်းပြည် Federated Shan States၊ ဝ ပြည် Wa State ၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသ၊ သံလွင် District နှင့် သီးခြား လွတ်လပ်သောနယ်မြေအဖြစ် အသိအမှတ်ပြုထားသော ကရင်နီပြည်ထောင်စု Federated Karenni States ဟူ၍ နယ်မြေများ အမျိုးမျိုးသတ်မှတ်ထားသည်။ ပြည်ထောင်စုပုံစံမတည်ရှိခဲ့ပေ။

လွတ်လပ်ရေးကြိုးပမ်းသည့်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များတို့သည် အမျှော်အမြင်ကြီးမားစွာဖြင့် တိုင်ပင်ဆွေးနွေး၊ အပေးအယူပြုကြပြီးသကာလ မိမိနယ်မြေများအသီးသီးကို ကိုယ်စားပြုကြလျှက် သီးခြားတည်ရှိသော နယ်မြေများသည် တပြိုင်တည်းလွတ်လပ်ရေးကို အတူတကွရယူသွားရန်နှင့် အမျိုးသားများ တန်းတူရည်တူဖက်ဒရယ်ပြည်ထောင်စုတည်ထောင်သွားရန်၊ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်၊ တန်းတူရည်တူပြည်ထောင်စုစိတ်ဓာတ်အင်အားဖြင့် တပြိုင်တည်းလွတ်လပ်ရေးကို အမိအရဆွတ်ခူးနိုင်ခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားသည့်နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်၊ တန်းတူရည်တူ ပြည်ထောင်စုစိတ်ဓာတ် အခြေခံမူလမ်းစဉ်ကို သွေဖယ်အားနည်းသွားကြသဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အကြိမ်ကြိမ်ရေးဆွဲလာခဲ့သော်လည်း နိုင်ငံရေးပြဿနာများနှင့်သာလျှင် တလျှောက်လုံးကြုံတွေ့နေရပေသည်။

မြန်မာနိုင်ငံ၏ အဓိကအခြေခံပြဿနာသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပြဿနာပင်ဖြစ်သည်။ ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ဗမာပြည်မကို ပြည်ထောင်စုအာဏာနှင့်တွဲထားပြီး အခြားတိုင်းရင်းသားပြည်နယ်များကို လက်အောက်ခံထားရှိသဖြင့် တန်းတူအခွင့်အရေးဆုံးရှုံးခြင်းပြဿနာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၆၂ ခု၊ (၁၄) နှစ်အကြာတွင် ပျက်စီးသွားခဲ့သည်။

မဆလတပါတီ စစ်အာဏာရှင်အုပ်စုက ၁၉၇၄ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတခုကို စိတ်ကြိုက်ရေးဆွဲ ပြဋ္ဌာန်းခဲ့သည်။ ပြည်သူလူထုတရပ်လုံး ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးများ ဆိတ်သုဉ်းခြင်းပြဿနာကြောင့် ၁၉၈၈ ခု၊ (၁၄)နှစ်သာခံပြီး ပျက်စီးသွားခဲ့ကြောင်း တွေ့ရှိရပေသည်။

ယနေ့ နအဖစစ်အုပ်စုသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စွဲကိုင်ထားပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံးအပေါ် တရားဝင်ဆက်လက်၍ စိုးမိုးကျွန်ပြုထားနိုင်ရန် ညီလာခံဦးတည်ချက် (၆) ရပ်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံထားရှိရမည့်အခြေခံမူ (၁၀၄)ချက်ကို စိတ်ကြိုက်သတ်မှတ်ထားပြီး အတုအယောင်အမျိုးသားညီလာခံကို ဒရွတ်တိုက်ဆက်လက်ကျင်းပသွားရန် ချမှတ်ထားကြောင်း တွေ့ရှိရပေသည်။

ဒီမိုကရေစီနိုင်ငံရေးအင်အားစုအဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးအင်အားစုအဖွဲ့များတို့သည် ပြည်သူလူထုအခြေပြုထားသော လူမှုရေးအဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုတရပ်လုံး နှင့်လက်တွဲပြီး တဖက်တွင် နအဖစစ်အုပ်စု၏ အတုအယောင် အမျိုးသားညီလာခံကို တန်ပြန်တိုက်ဖျက်သွားရန် အမျိုးသားတာဝန်တရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြပြီးတဖက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ပေးထားသော ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်၊ တန်းတူရည်တူ ပြည်ထောင်စုစိတ်ဓာတ်အခြေခံမူအတိုင်း စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အမျိုးသားတာဝန်တရပ်အဖြစ်ကြိုးပမ်းသွားရန် အချိန်အခါကောင်း ဆိုက်ရောက်လာပြီးဖြစ်ပေသည်။



ထိုသို့ အနာဂတ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတခုရေးဆွဲနိုင်ရန်အတွက် နိုင်ငံရေးအဖွဲ့အစည်းများက အခြေခံမူပြင်ဆင်ရေး ပူးတွဲကော်မီတီတခုကို တဝန်ပေးအပ်ခဲ့သည်။ ပူးတွဲကော်မီတီသည် အောက်ဖော်ပြပါစာအုပ်စာတမ်းများကို လေ့လာပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲ ရာတွင် လမ်းညွှန်အခြေခံမူများ(Basic Principles) မူကြမ်းကိုပြုစုကာ ၂၀၀၄ ခု၊ ဇူလိုင်လမှစ၍ နိုင်ငံရေးအဖွဲ့အစည်းများသို့ စတင်တင်ပြခဲ့သည်။ နိုင်ငံရေးအဖွဲ့အစည်းများသည် ထပ်ဆင့်တပါတီချင်းအတွင်း အဆင့်ဆင့်ချပြ ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ပူးတွဲပြင်ဆင်ရေးကော်မတီနှင့် နိုင်ငံရေးအဖွဲ့အစည်းများတို့သည် သုံးကြိမ်တိုင်တင်ပြ၊ ချပြ၊ ပြင်ဆင်ဖြည့်စွက်လာရာ ယခုအချိန်တွင်လမ်းညွှန်သဘောထားများ (၁၀)ချက်နှင့် အခြေခံထားရမည့်မူကြမ်း (၈)ချက် ရရှိထားပြီးဖြစ်သည်။

**အခြေခံမူများ (မူကြမ်း)ရေးဆွဲနိုင်ရေးအတွက် အခြေခံထားသည့် စာချုပ်စာတမ်းများ၊ အမြင်သဘောထားများ ....**

- ❖ ၁၉၄၅ ခု၊ ဩဂုတ်လ (၁၉) ရက်နေ့၊ နေသူရိန်အစည်းအဝေးကြေညာချက်၊
- ❖ ၁၉၄၅ ခု၊ နိုဝင်ဘာ (၁၈) ရက်နေ့ ရွှေတဂုံအလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလညီလာခံတွင် အဆိုပြုတင်ပြချက်များ။
- ❖ ပင်လုံစာချုပ်နှင့် ပင်လုံညီလာခံ၌ သဘောတူညီချက်များ။
- ❖ တောင်တန်းဒေသဆိုင်ရာ လွတ်လပ်ရေးအဖွဲ့၏ အစီရင်ခံစာ၊
- ❖ ၁၉၄၇ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ပြုလုပ်သောဖဆပလ ပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း၏ တင်ပြချက်များ။
- ❖ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက်၊
- ❖ ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ။
- ❖ ၁၉၆၁ ခု၊ တောင်ကြီးညီလာခံ သဘောတူညီချက်။
- ❖ ၁၉၉၀ ခု၊ NLD၊ UNLD ဗိုလ်အောင်ကျော် လမ်း ကြေညာချက်။
- ❖ ၁၉၉၀ ခု၊ UNLD၏ အခြေခံလမ်းညွှန်မှု (၇)ချက်။
- ❖ မာနယ်ပလောစာချုပ်။
- ❖ NLD၏ တိုင်းရင်းသားလူမျိုးအရေးနှင့်ပတ်သက်၍ ထားရှိသည့်သဘောထားများ။
- ❖ မယ်သရောထ သဘောတူညီချက်။
- ❖ သူးမွဲကလိုး သဘောတူညီချက်။
- ❖ NCUB ၏ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာသဘောထားနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမမူကြမ်း။
- ❖ CRPP ၏ (၅၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်၊ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုသဘောတရားများစာအုပ်။
- ❖ CRPP၏ မြန်မာနိုင်ငံလူမျိုးစု ပြဿနာနှင့် အနာဂတ်ပြည်ထောင်စုအရေး။
- ❖ ENSCC Policy Paper (New Panglong Initiative)
- ❖ WLB Constitution

၁၉၄၇ ကာလများအတွင်း ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့ကြသည့် ပြည်ထောင်စုဖခင်ကြီးများ၏ ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ အောက်ပါသဘောထားများကို အနာဂတ် ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်သဘောထားများအဖြစ် မိမိတို့မှအလေးအနက်ခံယူပါသည်။

၁။ Sovereignty Power နိုင်ငံတော်အချုပ်အခြာအာဏာ။

နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုတို့ထံမှ ဆင်းသက်စေရမည်။

၂။ Voluntary Association လွတ်လပ်သောသဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်း။

တိုင်းရင်းသားလူမျိုးတိုင်း၏ လွတ်လပ်သောသဘောဆန္ဒအရသာ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်နိုင်ခွင့်ရှိစေရမည်။

၃။ Equality တန်းတူအခွင့်အရေး။

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရှိရမည်။

၄။ Self-determination ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး။

တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအပြည့်အဝရှိစေရမည်။

၅။ Federal Principles ဖက်ဒရယ် အခြေခံမူများ။

လွှတ်တော်နှစ်ရပ်ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကိုဖွဲ့စည်းရမည်။

၆။ Minority Right လူနည်းစုအခွင့်အရေး။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လိုလောက်သောအကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

၇။ Democracy, Human Rights and Gender Equality ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံလူ့ အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု။

လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများမရှိစေသည့် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

၈။ Secular State

ဘာသာရေးကိုအခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။

၉။ Multi Party Democracy System ပါတီစုံ ဒီမိုကရေစီစနစ်။

အနာဂတ် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

၁၀။ Secession Right ခွဲထွက်ပိုင်ခွင့် အခွင့်အရေး။

တိုင်းရင်းသားလူမျိုးတိုင်းသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိစေရမည်။

**သက်ဆိုင်ရာ အဖွဲ့အစည်းများတို့အနေဖြင့် သက်ဆိုင်ရာနိုင်ငံရေးဦးဆောင်မှုအဆင့်ဆင့်ထံသို့ တင်ပြခဲ့ကြရာတွင် ရရှိခဲ့သောအကြံပြုချက်များ၊ လက်ရှိပြည်ထောင်စု၏ ပကတိတည်ရှိနေသောစုစည်းမှုနှင့် လက်ရှိနိုင်ငံရေးအခြေအနေများနှင့်အညီ အနာဂါတ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်မှုများ (**Basic Principles**)အဖြစ် အောက်ပါအတိုင်း ခံယူချမှတ်သွားရန် ဆုံးဖြတ်သည်။**

# အင်းစိန်အထူး ရာဇဝတ်ခုံရုံးတွင် စစ်ထောက်လှမ်းရေး (၃၀၀) ကျော်အားခုံရုံးတင်

အောက်တိုဘာ အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် အဖမ်းခံရသူ အရာရှိ (၂၆)ဦး အပါအဝင် စစ်ထောက်လှမ်းရေး (၃၀၀) ကျော်ကို ရန်ကုန်အင်းစိန်အထူးခုံရုံးတွင် ပြီးခဲ့သည့်ဇန်နဝါရီ တတိယပတ်မှစ၍ စစ်ဆေးနေပြီဟုသတင်းများ အရသိရသည်။ ၎င်းတို့တွင် ယခင်အရာရှိဟောင်းများနှင့် ၎င်းတို့နှင့်ရင်းနှီးသူ အစိုးရဝန်ထမ်းများ၊ အရပ်သားများနှင့် လက်နက်တိုင်းရင်းသားအုပ်စုများပါဝင်ပြီး ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ခင်ညွန့်၏သား (၂) ဦးတို့ပါဝင်သည်ဟု နအဖအရာရှိတချို့ကို ကိုးကား၍သတင်းကဖော်ပြသည်။

ရန်ကုန်အင်းစိန်ထောင်တွင် လုံခြုံရေးတင်းကြပ်သော ရာဇဝတ်ခုံရုံး (၃၀)ကျော် ဖွင့်ထားပြီး ထောင်ချိသောဖမ်းထားသူများကို ပြီးခဲ့သည့်လပိုင်းကစ၍ ပဏာမစစ်ဆေးမှုများပြုလုပ်ခဲ့သည်ဟု သိရသည်။ မြန်မာနိုင်ငံ အရှေ့မြောက်ဘက်မူဆယ်အနီး သိန်းထောင်ပေါင်းချီသော အားဂတိလိုက်စားမှုတွင် တာဝန်ရှိသည်ဟုဆိုကာ ဗိုလ်ချုပ်ကြီးခင်ညွန့်အား မနှစ်အောက်တိုဘာတွင် ဖမ်းဆီးခဲ့ပြီး နိုဝင်ဘာလတွင် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းကာ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဗိုလ်ချုပ်ကျော်သိန်း၊ ဗိုလ်မှူးချုပ်လှသောင်း၊ ဗိုလ်မှူးချုပ် ကျော်ဟန်တို့ကို ဒီဇင်ဘာလတွင် တာဝန်မှ အနားပေးခဲ့သည်။ စစ်ထောက်လှမ်းရေး (၁၀၀၀၀)အနက် (၂၀၀၀)ကိုလည်း ရာထူးမှဖယ်ရှားခဲ့သည်။ ယခု ခုံရုံးတင်ခံရသူများအနက် တချို့ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ဖွယ်ရှိပြီး တချို့ကို လာဘ်စားမှုဖြင့် တရားစွပ်စွဲဖွယ်ရှိကြောင်း ဥပဒေရေးရာ ကျွမ်းကျင်သူများကဆိုသည်။

# နအဖစစ်တပ်အတွင်း တပ်ပြေးများ များပြားလာနေ



နအဖ စစ်သားတစ်ဦး

**၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်။**

နအဖ စစ်တပ်အတွင်း ၂၀၀၄ ခုနှစ်အတွင်း စစ်တပ်မှထွက်ပြေးသူ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအများအပြားထွက်ပြေးခဲ့ပြီး ခြေလျင်တပ်များအပြင် အသစ်တည်ဆောက်နေသည့် အမြောက်တပ်များမှ တပ်ပြေးများ များပြားနေကြောင်း စစ်ဖက်သတင်းများအရ သိရသည်။

ပြီးခဲ့သည့်နှစ်ကတည်းက စစ်တိုင်းဌာနချုပ်အလိုက် အသစ်ဖွဲ့စည်းတည်ဆောက်နေသည့် အမြောက်တပ်များမှ တပ်သားအများအပြားသည် အလုပ်ပင်ပန်းဒဏ်မခံနိုင်၍ တပ်မှထွက်ပြေးသူ များပြားလာနေသည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ (၁) လတည်းမှာပင် စစ်ပြေး (၆၀) ခန့်ရှိခဲ့သည်ဟုသိရပြီး စစ်ပြေးအများစုသည် နယ်စပ်ဒေသများနှင့် ကျောက်စိမ်းတွင်း၊ ရွှေတွင်းများရှိသည့်ဒေသများသို့ ထွက်ပြေးခဲ့ကြသည်ဟု သိရသည်။

စစ်ပြေးများတွင် အရာရှိအဆင့်အများအပြားပါဝင်လာ၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ) လက်အောက်ခံတပ်များကို လားရှိုးမြို့သို့လာရောက်သည့် ခရီးစဉ်ရှိတိုင်း အရာရှိများကို လားရှိုးအကျဉ်းထောင်အတွင်းရှိ ထောင်ကျအရာရှိများအားလာရောက်ကြည့်ရှုပြီး သင်ခန်းစာယူကြရန် ရမခမှ ညွှန်ကြားခဲ့သည်အထိ ဖြစ်ခဲ့သည်ဟုသိရသည်။

အမြောက်တပ်ရင်း (၁) ရင်းတွင် အင်အား (၅၀) မှ (၁၀၀) အတွင်းသာရှိပြီး နအဖ စစ်အစိုးရက စစ်တိုင်းများအလိုက် အမြောက်စခန်းကွပ်ကဲမှုဌာနချုပ် (မစခ) များဖွဲ့စည်းတည်ဆောက်နေပြီး အမြောက်တပ် (အမတ) အများအပြားကိုလည်း တည်ဆောက်နေသည်ဟု သိရသည်။ လေကြောင်းရန် ကာကွယ်ရေးစခန်းဌာနချုပ် (လရခ) များကိုလည်း ဖွဲ့စည်းတည်ဆောက်နေပြီး လေကြောင်းရန်ကာကွယ်ရေးတပ် (လကတ) အများအပြားကိုလည်း တည်ဆောက်နေသည်ဟု သိရသည်။

ရမခ လက်အောက်ခံတပ်များကို တပ်ခွဲများအလိုက် (၁)လ၊ တပ်သားသစ် (၁)ဦးနှုန်း စုဆောင်းရမည်ဟု ထပ်မံညွှန်ကြားခဲ့သည်ဟု သိရသည်။ တပ်သားသစ် စုဆောင်းရေးကို ဆုပေးဒဏ်ပေးစနစ်ဖြစ်သည့် တပ်သားသစ်တဦး စုဆောင်းနိုင်သူကို ငွေ ၅၀၀၀ ကျပ်ပေးပြီး မစုဆောင်းနိုင်သည့်တပ်များကို တဦးအတွက် ငွေ ၅၀၀၀ ကျပ်နှုန်း ဒဏ်ကြေးငွေ ပေးဆောင်ကြရသည့်အပြင် ယခင်က တပ်ရင်း (၁)ရင်းလျှင် တပ်သားသစ် (၃)ဦးနှုန်းသာ စုဆောင်းကြရပြီး ယခုအခါ တပ်ခွဲအလိုက်သတ်မှတ်လိုက်သဖြင့် နယ်စပ်ဒေသများ၊ ရွှေတွင်း၊ ကျောက်တွင်းများတွင် တပ်သားသစ်ရောင်းဝယ်ရေးလည်း များပြားလာနေသည်ဟု စစ်ဖက်သတင်းများအရသိရသည်။

ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များအား တပ်သားသစ်စုဆောင်းရာတွင် ဆုကြေးငွေတိုးပေးခဲ့သည့်အပြင် တိုင်းရင်းသားလူငယ်များကိုအဓိကထား စုဆောင်းကြရန် ရမခမှ အောက်ခြေတပ်များအား အမိန့် ညွှန်ကြားခဲ့သည်။ ❖

# အမှတ် (၁) နစရ တပ်ရင်းအားဖျက်သိမ်းပြီး နယ်စပ်များတွင် နကသ နှင့် ဌာနဆိုင်ရာအဖွဲ့ များဖြင့် အစားထိုးခြင်း စတင်ပြုလုပ်

၂၀၀၅ခုနှစ် ဇန်နဝါရီလ(၁၆)ရက်

ယခုလအတွင်း ဝန်ကြီးချုပ်ဟောင်းဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သည့် စစ်ထောက်လှမ်းရေးက ဖွဲ့စည်းခဲ့သည့်နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှု တပ်ရင်း (နစရ)များကို နအဖစစ်အစိုးရက ဖျက်သိမ်းခဲ့ပြီး နကညနှင့်ဌာနဆိုင်ရာများပါဝင်သည့် (One Stop Service)အဖွဲ့များဖြင့် အစားထိုးလဲလှယ်မှုများ ထိုင်း–မြန်မာနယ်စပ်တွင်ထပ်မံပြုလုပ်နေကြောင်း နယ်စပ်သတင်းများအရ သိရသည်။

ယနေ့တွင် ထိုင်း–မြန်မာနယ်စပ်နယ်စပ်ကုန်သွယ်ရေး အဓိကဂိတ်တခုဖြစ်သည့် မြဝတီအခြေစိုက်နစခတပ်ခွဲ(၂) နေရာများတွင် နကသအထူးအရာရှိ ဒုဗိုလ်မှူးကြီးစောလှထွန်းဦးဆောင်ပြီး အင်အား(၅၀)ခန့်ပါဝင်သည့် ဌာနဆိုင်ရာအဖွဲ့များဖြင့် တာဝန်လဲလှယ်အစားထိုးနေရာယူမှုများ စတင်နေသည်ဟု သိရသည်။ ယခုဆို နစရတပ်ရင်းများကိုဖျက်သိမ်းပြီး နကသနှင့်ဌာနဆိုင်ရာအဖွဲ့ဖြင့်အစားထိုးနေစဉ် သဃ်န်းညီနောင်အခြေစိုက်စစ်ဗျူဟာအဖွဲ့နှင့် မြဝတီရှိရှေ့တန်းခလရ(၂၇၅)အဖွဲ့များက လုံခြုံရေးနှင့်ကြီးကြပ်မှုများပြုလုပ်သည်ဟု သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက တာချီလိတ်အခြေစိုက်နစခတပ်ခွဲ (၁) နေရာတွင် နကသအထူးအရာရှိ ဒုဗိုလ်မှူးကြီး သိန်းနိုင်ဦးစီးသည့် ဌာနဆိုင်ရာအဖွဲ့များဖြင့်လဲလှယ်အစားထိုးခဲ့သည်ဟု သိရသည်။ အစားထိုးလဲလှယ်မှုပြုလုပ်စဉ် တာချီလိပ်အခြေစိုက်စစ်ဗျူဟာအဖွဲ့များက လုံခြုံရေးနှင့်ကြီးကြပ်မှုများပြုလုပ်ပေးခဲ့သည်ဟု သိရသည်။

ရန်ကုန်အခြေစိုက် အမှတ်(၁)နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုတပ်ရင်း (နစရ–၁)လက်အောက်ရှိတပ်ခွဲများကို ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိတာချီလိတ်၊ မြဝတီ၊ ကောသောင်းမြို့များတွင် အခြေစိုက်လှုပ်ရှားနေခြင်းဖြစ်သည်။

ယခုအစားထိုးခဲ့သည့်အဖွဲ့ကို နကသ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ အကခ– အကောက်ခွန်ဦးစီးဌာန၊ လဝကလူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပတခ–ပြည်တွင်းအခွန်ဦးစီးဌာန၊ မစဘ–မြန်မာ့စီးပွားရေးဘဏ်မှ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်းထားသည့် အဖွဲ့ဖြစ်သည်ဟုသိရသည်။ မူဆယ်–နယ်စပ်ကုန်သွယ်ရေးဇုံ၊ တမူး–နယ်စပ်ကုန်သွယ်ရေးဇုံ၊ မြဝတီ–နယ်စပ်ကုန်သွယ်ရေးဇုံ၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးဇုံ၊ ကော့သောင်း–နယ်စပ်ကုန်သွယ်ရေးဇုံများအဖြစ် စတင်ဖွဲ့စည်းလုပ်ဆောင်ရန်စီစဉ်နေသည်ဟု နကသဝန်ထမ်းတဦးထံမှသိရသည်။ နယ်စပ်တနေရာထဲမှာဘဲ ကုန်သွယ်ရေးလုပ်ငန်းများကို တနေရာတည်းအပြီး ဆောင်ရွက်ပေးသောကြောင့် ၎င်းအဖွဲ့များကို One Stop Serviceအဖွဲ့ဟု ခေါ်ဝေါ်သုံးစွဲသည်ဟု သိရသည်။

ယခုလ(၁၁)ရက်နေ့ကစတင်ပြီး တရုတ်–မြန်မာနယ်စပ်၊ မူဆယ်–နစခများကို ရုတ်သိမ်းခဲ့ပြီး အထူးအရာရှိ ဒုဗိုလ်မှူးကြီး လှမောင်ဦးခေါင်းဆောင်သည့် ဌာနဆိုင်ရာအဖွဲ့များဖြင့် လဲလှယ်အစားထိုးခဲ့သည်။ ဖယ်ရှားခံရသည့် မူဆယ်အခြေစိုက်နစခအဖွဲ့များ၏မိသားစုများကိုလည်း ယခုလ(၁၈)ရက်နေ့ နောက်ဆုံးထားပြီး အစိုးရပိုင်အိမ်ရာများမှ ပြောင်းရွှေ့ကြရန်နှင့် နစခဝန်ထမ်းများကို တပ်ရင်းအခြေစိုက်ရာလားရှိုးမြို့တွင် စုစည်းကြရန်ကကြည်းမှ ထပ်မံညွှန်ကြားခဲ့သည်ဟု သိရသည်။

မနေ့ကလည်း အိန္ဒိယ–မြန်မာနယ်စပ်၊ နစရ(၂)တမူးတပ်စုလက်အောက်ခံဖြစ်သည့် ရိခေါဒါရ်ကင်းစခန်းတာဝန်ခံ ဒု–ရဲမှူးကြည်တင့်ထံမှလုပ်ငန်းတာဝန်များ၊ အဆောက်အဦးနှင့်ပစ္စည်းများကို ခလရ(၂၆၆)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး မြင့်ထွန်းဦးစီးပြီးမယက၊ မြို့နယ်ခွဲလဝကအဖွဲ့များက လွှဲပြောင်းလက်ခံခဲ့သည်ဟု သိရသည်။❖

ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးသည်
ပြည်သူတရပ်လုံး၏ အဓိက တာဝန်ဖြစ်သည်။

[redacted]

၁။ Sovereignty Power နိုင်ငံတော် အချုပ်အချာအာဏာ။

နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုတို့ထံမှ ဆင်းသက်စေရမည်။

၂။ Equality တန်းတူအခွင့်အရေး။

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရှိရမည်။

၃။ Self-determination ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး။

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး အပြည့်အဝရှိစေရမည်။

၄။ Federal Principles ဖက်ဒရယ် အခြေခံမူများ။

လွှတ်တော်နှစ်ရပ်ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

၅။ Minority Right လူနည်းစုအခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

၆။ Democracy, Human Rights and Gender Equality ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု။

လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများမရှိစေသည့် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

၇။ Secular State

ဘာသာရေးကိုအခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

၈။ Multi Party Democracy System ပါတီစုံ ဒီမိုကရေစီစနစ်။

အနာဂတ် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံထားရှိရမည့် လမ်းညွှန်အခြေခံမူများ (မူကြမ်း)ကို နိုင်ငံရေးအဖွဲ့အစည်းများ၊ လူမှုရေးအခြေခံအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားခေါင်းဆောင်များ၊ နိုင်ငံတကာပညာရှင်များပါဝင်သော နှီးနှောဖလှယ်ပွဲကြီးကို မကြာမီ ကျင်းပပြုလုပ်သွားပြီး နှီးနှောဖလှယ်ပွဲကြီးက သဘောတူရရှိထားသော ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာထားရှိရမည့် အခြေခံမူအချက်များကို ပါတီတခုချင်းအလိုက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးချင်းအလိုက်၊ သဘောတူလက်မှတ်ရေးထိုးသွားရန်ရှိကြောင်း သိရသည်။ ယင်းနှီးနှောဖလှယ်ပွဲကြီးက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီတခုကိုလည်း ဖွဲ့စည်းသွားရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။

နောက်ဆုံးအနေဖြင့် ဒီမိုကရေစီနိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားနိုင်ငံရေးအင်အားစုများတို့သည် ပြည်သူလူထု အခြေပြုလူမှုအဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူတရပ်လုံးနှင့် လက်တွဲပြီး နအဖစစ်အုပ်စုက ပြည်သူလူထုတရပ်လုံးအပေါ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တရားဝင်စိုးမိုးကျွန်ပြုထားနိုင်ရန် ၎င်းတို့ ကျင်းပနေသော အတုအယောင် အမျိုးသားညီလာခံကို အမျိုးသားတာဝန်တရပ်အဖြစ် အပြီးအပြတ် တိုက်ဖျက်ပြီး၊ ပြည်သူလူထုများ လိုလားတောင်းတနေသော စစ်မှန်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတခု အောင်မြင်စွာရေးဆွဲရေးမှ ယင်းအခြေခံဥပဒေသည် သက်ဝင်လှုပ်ရှားလာသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တခုအဖြစ် အကောင်ထည်ဖော်ဆောင်လာသည်အထိ အမျိုးသားရေးတာဝန်တရပ်အဖြစ် ခံယူကြပြီး သွေးစည်းညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း တင်ပြရပေသည်။ ❖

ခွန်းမတ်ရ်ကိုဘန်
ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
၂၀၀၅ ခု၊ ဖေဖော်ဝါရီလ () ရက်။

# ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက ကြီးမှူးကျင်းပသည့် ၅၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြောကြားသော သဘာပတိ သခင်သိန်းဖေ၏ မိန့်ခွန်း



၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလေးရက်နေ့ကကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနားမြင်ကွင်း

ဇန်နဝါရီ ၁၁ ရက်။

"ကြွရောက်လာကြသော လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ကြီးငယ်များ၏ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအကိုမောင်နှမရဲဘော်ရဲမေများ ခင်ဗျား…."

ကျနော်တို့ နိုင်ငံရေးလုပ် ဖော်ကိုင်ဖက်များကကြီးမှူးကျင်းပတဲ့ (၅၇) နှစ်မြောက် လွတ်လပ်ရေးအောက်ပွဲနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားလူငယ်အမျိုးသားအမျိုးသမီး ရဲဘော်ရဲမေအားလုံးကို ကျနော်တို့ သက်ကြီးရွယ်အိုဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များကိုယ်စား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနှုတ်ခွန်းဆက်သပါတယ်။ ကျန်းမာချမ်းသာ ဘေးအန္တရာယ်အမျိုးမျိုးကကင်းဝေးပြီး ပြည်သူလူထုတရပ်လုံး၏ဆန္ဒနဲ့အညီဖြစ်တဲ့ ပြည်သူလူထုကလုံးဝအာဏာပိုင်သည့် ပြည်ထောင်စုဒီမိုကရေစီသမတနိုင်ငံတော်ကြီးထူထောင်နိုင်ရေးအတွက် အတားအဆီး၊ အနှောက်အယှက်၊ အခက်အခဲဟူအမျှကိုကျော်လွှားပြီး ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အပြည့်အဝကြိုးပမ်း ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ရဲဘော်ကြီးငယ်များနှင့်မိတ်ဆွေများခင်ဗျား ….

၂၀၀၃ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၅၅)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့အထိမ်းအမှတ်နဲ့ ၂၀၀၄ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၅၆) နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ်တွေမှာ ကျနော် သဘာပတိအဖြစ်နဲ့ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ကျနော်ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေကို ပြန်လည်လေ့လာကြည့်တဲ့အခါမှာ အဓိကကျတဲ့အချက်တွေကို အခုလို တွေ့ရပါတယ်။

နိုင်ငံတော်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအထွေထွေအကျပ်အတည်းများနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအကျပ်အတည်းများကလွတ်မြောက်ဖို့အတွက် တခုတည်းသောနည်းလမ်းကတော့ တွေ့ဆုံဆွေးနွေးရေးဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံ ဆွေးနွေးရာမှာလည်း သက်ဆိုင်တဲ့ ကာယကံရှင်တွေဟာ တဦးနဲ့တဦး အာဃာတကင်းကင်း ဂိုဏ်းဂဏစိတ်ခါတ်ရှင်းရှင်းနဲ့ ဆွေးနွေးဖို့လိုတယ်။

ဒီမိုကရေစီနိုင်ငံထူထောင်ရေးမှာ တဦးတဖွဲ့သပ်သပ်အားနဲ့ မရဘူး၊ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားနဲ့သာရနိုင်တယ်လို့ ကျနော်ပြောခဲ့တယ်ဆိုတာ တွေ့ရပါတယ်။

ကနေ့ ကျနော်တို့တိုင်းပြည်ရဲ့ အခြေအနေကို ပြန်ကြည့်တဲ့အခါမှာ ပြည်သူတရပ်လုံးရင်ဆိုင်တွေ့ကြုံနေရတဲ့ အကျပ်အတည်းတွေက မလွန်မြောက်နိုင်မက ပိုပိုနက်ရှိုင်းတဲ့အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပါတယ်။ (ဥပမာ ၁၉၉၇/၉၈ လောက်က ဆန်တအိတ် ၂,၅၀၀ လောက်က အခု တသောင်းကျော်နေပြီ၊ အသေးဆုံး မွေးမြူရေးငါးတပိဿာ (၁,၂၀၀)လောက်ဖြစ်ပြီး စားအုန်းဆီအရင် ၃၀၀ ကျော်က အခု(၁,၀၀၀)ကျော်ဖြစ်နေတာ တွေ့ရတယ်။ နောက်ပြီး အိမ်ခန်းတခန်းငှားရင် အနိမ့်ဆုံးက တသောင်းခွဲလောက်ဖြစ်ပြီး သိန်းဂဏန်းနဲ့ချီပြီး ငှားရမ်းနေရတဲ့ အခြေအနေဖြစ်နေပါတယ်။ ဒီလိုနေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ အကျပ်အတည်းတွေဟာ တနေ့တခြား ပိုမိုနက်ရှိုင်းလာရုံတင်မက နိုင်ငံတော်အနေနဲ့ နိုင်ငံတကာဆက်ဆံရေး မျက်နှာစာမှာ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးမှာ နှစ်ပေါင်းလေးဆယ်ကျော် မဖြေရှင်းနိုင်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာတွေကြောင့် နိုင်ငံများစွာရဲ့ရှုံ့ချခြင်း ဝေဖန်ပြစ်တင်ခြင်းကို ခံနေရပါတယ်။ ဒါကြောင့်လည်း ကျနော်တို့တတွေက ကျနော်ဆိုရင် အသက် ၈၆ နှစ်ရှိပါပြီ။ ကျနော်တို့ထဲမှာ အသက်အကြီးဆုံးက အသက် ၉၀ ဖြစ်ပြီး အငယ်ဆုံးက ၇၀ ကျော် ၈၀ နီးပါးရှိနေကြပါပြီ။ နိုင်ငံနဲ့ပြည်သူ့အကျိုးကိုမျှော်ကိုးပြီး ၁၉၉၅ ခုနှစ်၊ နိုင်ဝင်ဘာလ ၂၄ ရက်နေ့ကစပြီး ဒီလိုတွေ့ကြုံနေရတဲ့၊ တွေ့ကြုံလာမယ့် အခက်အခဲအကျပ်အတည်းတွေကို ကျော်နင်းလွန်မြောက်ဖို့က အမျိုးသားပြန်လည်သင့်မြတ်ရေးရှိမှဖြစ်တာကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ထိုအချိန်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နဲ့ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိခဲ့တဲ့ ဥက္ကဋ္ဌကြီး ဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးကြပါလို့ မေတ္တာရပ်ခံခဲ့ပါတယ်။ ဒီနောက်မှာလည်း ကျနော်တို့ဟာ အခါအခွင့်သင့်တိုင်း အကြိမ်ကြိမ်အခါခါတိုက်တွန်း မေတ္တာရပ်ခံခဲ့ပါတယ်။ ပြည်သူလူထုကလည်းကျနော်တို့လိုပဲ ဒီအတိုင်းဆန္ဒရှိနေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။



အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေ

ရဲဘော်များ ခင်ဗျား….

ကျနော်တို့ ဖြတ်သန်းလာခဲ့တဲ့နိုင်ငံရေးသမိုင်းကို ပြန်လည်လေ့လာကြည့်စေချင်ပါတယ်။

အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျွန်ဘဝက လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်စဉ်ကလည်း တကြိမ်သောအခါက (၁၃၀၀ ပြည့် အရေးတော်ပုံ) အယူအဆမတူသူတွေ ဆန့်ကျင်ဘက်ဖြစ်ခဲ့သူတွေကိုပါစည်းရုံးပြီး တို့ဗမာအစည်းအရုံးကို အမာခံထားပြီး တိုင်းရင်းသားပြည်သူတရပ်လုံးကိုစည်းရုံးပြီး ဗမာ့ထွက်ရပ်ဂိုဏ်းတည်ထောင်တိုက်ခဲ့လို့ အောင်ပွဲရခဲ့တယ်မဟုတ်လား ။

ဒီလိုပဲ ဂျပန်ဖက်ဆစ် စစ်အာဏာရှင်တွေရဲ့လက်အောက်မှာ ရက်ရက်စက်စက်ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခံခဲ့ရတဲ့ဘဝက လွတ်မြောက်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဗမာ့တပ်မတော်ရယ်၊ ထိုအချိန်က မြေအောက်အဖွဲ့အဖြစ်ရှိနေခဲ့တဲ့ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့ ပူးပေါင်းဖွဲ့စည်းထားတဲ့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး ဖွဲ့ပြီးတိုက်ခိုက်လို့ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲကြီးအောင်ခဲ့တယ် မဟုတ်လား။

ဒီရလဒ်တွေဟာ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားတစ်နည်းအားဖြင့် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးဖွဲ့စည်းနိုင်ခဲ့လို့ အောင်မြင်ခဲ့တယ်ဆိုတာဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါကြောင့် ကျနော်တို့တတွေအောင်ပွဲရချင်ရင် တမျိုးသားစည်းလုံးညီညွတ်ရေးကို မဖြစ်မနေတည်ဆောက်ရမှာ ဖြစ်ပါတယ်။

ကျနော်တို့ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များရဲ့ ၁၉၉၅ ခု နိုဝင်ဘာလ ၂၄ရက်နေ့စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ပြန်ကြားလွှာအပိုဒ်နှစ်မှာ–

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ခြင်းသည် နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် တပ်မတော်အပါအဝင် ရဟန်းရှင်လူပြည်သူတရပ်လုံးသွေးစည်းညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ရရှိပြီးသော မြန်မာနိုင်ငံလွတ်လပ်ရေးမဆုံးရှုံးစေရန်နှင့် ငြိမ်းချမ်းသာယာသော၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက်လည်း တတိုင်းပြည်လုံးရဟန်းရှင်လူ ပြည်သူတရပ်လုံးသွေး စည်းညီညွတ်စွာဆောင်ရွက်သွားရမည်ဖြစ်သည်ဟုလည်းကောင်းအပိုဒ်(၃)တွင်–

"ယနေ့မြန်မာနိုင်ငံတော်၏ အခြေအနေမှာတမျိုးသားလုံး သွေးစည်းညီညွတ်ရေးတည်ဆောက်ရန် အလိုအပ်ဆုံးအခြေအနေဖြစ်နေပါသည်"ဟု ဖော်ပြခဲ့ပါသည်။

ကျနော်တို့ အကြိမ်ကြိမ်ထုတ် ဖော်ပြောကြားခဲ့တဲ့အတိုင်း ပြည်သူလူထုတရပ်လုံးနဲ့ပတ်သက်တဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာတွေကိုရှင်းချင်ရင် တတိုင်းပြည်လုံးရဲ့အင်အားနဲ့ ရှင်းမှရမယ်။ တဦးတယောက်၊ တဖွဲ့တပါတီ၊ တတပ်တအားနဲ့ရှင်းလို့ မရနိုင်ဘူး၊ ပြည်သူတရပ်လုံးရှင်းမှ ရနိုင်တယ်လို့ ပြောခဲ့ပါတယ်။ ဒါကိုမြန်မာ့နိုင်ငံရေးသမိုင်းက သက်သေခံခဲ့ပြီးပါပြီ။

ကနေ့ကျနော်တို့တွေ့ကြုံနေတဲ့ အထွေထွေအကျပ်အတည်းကိုရှင်းမယ်ဆိုရင် ပထမဆုံးနိုင်ငံရေးပြဿနာကို အရင်ရှင်းဖို့လိုမယ်လို့ ယူဆပါတယ်။ ဒီမိုကရေစီနဲ့တပါတီစနစ်သို့မဟုတ် အာဏာရှင်စနစ်တို့ ဝိရောဓိဖြစ်တဲ့နိုင်ငံရေးပြဿနာပဲဖြစ်ပါတယ်။ ဒီပြဿနာရှင်းဖို့ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ စည်းလုံးညီညွတ်ရေး လိုပါတယ်။

ကနေ့ အခြေအနေကို လေ့လာကြည့်ရင် အလားအလာကောင်းတရပ်တော့ ပေါ်ပေါက်လာစရာအကြောင်းရှိတယ်လို့ ယူဆလိုက ယူဆနိုင်စရာရှိပါတယ်။ မကြာမီက ၂၀၀၄ ဒီဇင်ဘာ ၂၇ ရက်နေ့စွဲနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ထုတ်ပြန်ချက်တစောင် ကျနော်တို့ရရှိခဲ့ပါတယ်။ ၎င်းစာ၏ အဓိကအကြောင်းအရာမှာ တွေ့ဆုံဆွေးနွေးရေးဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စတင်ကမ်းလှမ်းလိုက်ခြင်းဖြစ်ပါတယ်။ ဤကမ်းလှမ်းချက်၏ထူခြားချက်မှာ 'သင်ပုန်းချေရေးနှင့် အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်ရေး'ကို ရှေ့ရှုခြင်းပင်ဖြစ်သည်ဟု ဖော်ပြပါရှိပါတယ်။ ဤသဘောထားသည် လွန်ခဲ့သော ၅၆ နှစ်မြောက်တော်လှန်ရေးနေ့ (တော်လှန်ရေးနေ့)တွင် ပြောကြားခဲ့သော တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မိန့်ခွန်းနှင့် သဘောထားခြင်းတိုက်ဆိုင်တယ်လို့ ယူဆလိုက ယူဆနိုင်တယ်လို့ ကျနော် ထင်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "တို့အချင်းချင်းကြားမှာ ပြဿနာဖြေရှင်းတဲ့အခါမှာလည်း ပဋိပက္ခထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှုတွေဟာ ပြဿနာကိုပြေလည်ရေးထက် အခြေအနေကို ပိုပြီးအခက်အခဲဖြစ်စေမှာဖြစ်တယ်။ ဒါကြောင့် အချင်းချင်းဟာ သဟဇာတဖြစ်ရေးဆိုတဲ့မူကိုအခြေခံပြီး ဆောင်ရွက်လျှက်ရှိတယ်။ တို့တတွေဟာ တမြေထဲနေ တရေထဲသောက်ဆိုတဲ့ သဘောထားအမြင်နဲ့ ချစ်ချစ်ခင်ခင် တိုင်းပြည်တည်ဆောက်ရေးကို ပူးပေါင်းဆောင်ရွက်ဖို့ လိုကြောင်းပြောကြားလိုက်ပါတယ်။"

ဒါကြောင့် ဒီသဘောထားနှစ်ခုဟာ နှစ်ဖက်ပျော့ပြောင်းလာစေတဲ့ သဘောထားကို အခြေခံအချက်အဖြစ် ဖော်ပြတယ်လို့ ယုံကြည်ပါတယ်။ တဖက်က သဟဇာတဖြစ်ရေး

[redacted]

# (၄၂) ကြိမ်မြောက် ပလောင်အမျိုးသားတော်လှန်ရေးနေ့ ပလောင်ပြည်နယ်ပြည်သူ့လွတ်မြောက်ရေးတပ်ဦးဌာနချုပ်၌ ကျင်းပ



(၄၂) ကြိမ်မြောက် ပလောင်အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားကို ပလောင်ပြည်နယ်ပြည်သူ့လွတ်မြောက်ရေးတပ်ဦးဌာနချုပ်၌ကျင်းပနေစဉ်

သက္ကရာဇ် ၂၀၀၅၊ ဇန်နဝါရီလ (၁၂) ရက်နေ့၌ကျရောက်သော ပလောင်အမျိုးသားတော်လှန်ရေးနေ့ (၄၂)ကြိမ်မြောက် အခမ်းအနားကို လွတ်မြောက်နယ်မြေတနေရာ၌ကျင်းပရာ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘောဦးဆောင်သော အမျိုးသားကောင်စီမှအဖွဲ့ဝင်များ၊ ဒီအေဘီ၊ အန်လ်ဒီအက်ဖ်နှင့် အဲန်အယ်လ်ဒီ အယ်လ်အေတို့မှ ပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်သည်ကို တွေ့ရှိရသည်။

ယင်းအခမ်းအနားထုတ်ပြန်သည့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၏ သဘောထားထုတ်ပြန်ကြေညာချက်၌ နအဖ အမျိုးသားညီလာခံကို တက်ရောက်ခဲ့သော ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးတွဲတောင်းဆိုချက် (၇)ချက်ကို အခိုင်အမာထပ်လောင်းဖော်ပြခဲ့သည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြင့်သာ အမျိုးသားပြည်လည်သင့်မြတ်ရေးကိုရှေ့ရှုနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ဖော်ပြထားသည်။

ပလောင်ပြည်နယ် ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (PSLF)မှ နအဖ စစ်အုပ်စုအား အချက် (၇) ချက်ပါဝင်သော တောင်းဆိုချက်တရပ်ကိုတောင်းဆိုခဲ့ရာ၌ တိုင်းရင်းသားနယ်မြေဒေသများအတွင်း ထိုးစစ်ဆင်နေခြင်း၊ နအဖ၏ စစ်စခန်းတပ်ရင်းများတိုးချဲ့ခြင်း၊ လက်နက်ခဲယမ်းများတိုးချဲ့ကာ စစ်ရေးပြချောက်လှန့်ခြင်းများကို ရပ်ဆိုင်းဆုတ်ခွာပေးရန်၊ တနိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးကြေညာကာ စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲစတင်ရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွတ်ပေးရန်၊ ဖျက်သိမ်းခံထားရသော တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုကာ၊ လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ပေးရန်၊ တိုင်းရင်းသား အမျိုးသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် အဲန်အယ်လ်ဒီအပါအဝင် ဒီမိုကရေစီအင်အားစုများပါဝင်သော ရိုးသားစစ်မှန်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ စတင်ပြုလုပ်ရန်နှင့် နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများအားလုံး၊ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်၊ ရေးသားထုတ်ဖော်ပြောဆိုခွင့်ပြုရန်တို့ကိုတောင်းဆိုခဲ့သည်ဟု သိရသည်။

# တို့အားလုံး အဆင်သင့်ရှိနေမယ်

ဘယ်သူလဲဟေ့
တဒိုးဒိုးနဲ့
ငါ့နှလုံးသားကို နိုးထစေခဲ့တာ
သက်မဲ့ပစ္စည်း ဒီအရိပ်မဲကြီးတွေ
ပျောက်ကွာ ပျောက်ပါတော့
သန်းခေါင်ယံ ညဥ့်နက်
မီးမောင်းမထိုးဘဲ လင်းလက်စေခဲ့....။
သွားကွာဒီခလုတ်
နောက်မရှုပ်နဲ့
ကျောက်,တုတ်ကြီးတွေ လွင့်ပျက်စေရမယ်။

တောက်ခေါက်
အံကြိတ်
ညဥ့်နက်တဲ့ အရိပ်ဆီမှ
မြို့ချလိုက်ရတဲ့တံတွေး
တစ်ဆို့နေသေးတယ်ဆိုရင်
စားသောက်ထမင်း....
ဝမ်းအတွင်းမရောက်တာ
အပြစ်မမြင် မတင်ရက်တော့ပါဘူးလေ....။
ဒါပေမယ့်....
ညဥ့်နက်သန်းခေါင်ယံမှာ
တောက်ခေါက် အံကြိတ်
တဒိုးဒိုးနှိပ်စက်နေတာ
ငါ့နှလုံးသားကို နိုးထစေပေါ့
ဘယ်သူလဲဟေ့လို့ ငါမမေးတော့။
ဝင်ခဲ့လေ....
အားလုံးအဆင့်သင့် ဖြစ်နေမယ်။
(မောင်ဂန္ဓ)

❖ ကဗျာရေးသူသည် ရန်ကုန်မြို့လုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ဖူးသူ တဦးဖြစ်သည်။ အယ်ဒီတာအဖွဲ့

[redacted]

နဲ့ သင်ပုန်းချေရေး၊ အခြားတဖက်က သဟဇာတဖြစ်ရေး၊ ချစ်ချစ်ခင်ခင်နဲ့ တိုင်းပြည်တည်ဆောက်ရေးကို ပူးပေါင်းဆောင်ရွက်ရေး၊ ဒါဟာ ကျနော်တို့ မကြာခဏတင်ပြနေတဲ့ သူမနာကိုယ်မနာငြိမ်းချမ်းရေးမူနဲ့ ကိုက်ညီနေတာကို တွေ့ရတဲ့အတွက်လည်း တကြောင်း အမှန်တကယ်တိုင်းပြည်အတွက် အကျိုးရှိမှာဖြစ်တဲ့အတွက် ကျနော်တို့က ကြိုဆိုပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီးများအနေနဲ့လည်း လိုအပ်သလိုတာဝန်ယူဆောင်ရွက်ပေးဖို့အသင့်ရှိတယ်လို့ ပြောကြားလိုက်ပါတယ်။

ရဲဘော်ကြီးငယ်များ ခင်ဗျား ....

ကျနော်တင်ပြပြောကြားခဲ့သလို ကနေ့အခြေအနေဟာ တာဝန်ရှိသူများအားလုံး ရိုးရိုးသားသားမှန်မှန်ကန်ကန် သဘောထားဆောင်ရွက်ကြမယ်ဆိုရင် တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ စည်းလုံးညီညွတ်ရေးဟာ မဝေးတော့ဘူးလို့ ယူဆစရာရှိပါတယ်။

> ကျနော်တို့အားလုံးဟာ လွတ်လပ်ရေးအရသာကို ပြည့်ပြည့်ဝဝမခံစားရဘဲ လွတ်လပ်စွာ ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ မိမိတို့၏ လိုလားချက်ကို ငြိမ်းချမ်းစွာဆန္ဒပြခွင့် စသည့် မွေးရာပါလူ့အခွင့်အရေးများ ဆုံးရှုံးနေသည်မှာ နှစ်ပေါင်း လေးဆယ်ကျော်ခဲ့ပါပြီ ...

ဒါပေမယ့် လောကကြီးမှာ အကောင်းနဲ့အဆိုး၊ အပူနဲ့အအေးတို့လို ဆန့်ကျင်ဘက်နှစ်ခုဟာ အမြဲတန်းရှိနေသလို အပြုသဘောဆောင်တဲ့ သဘောထားလုပ်ဟန်တွေရှိသလို အဖျက်သဘောဆောင်တဲ့ သဘောထားလုပ်ဟန်တွေလည်း ရှိနိုင်ပါတယ်။

ဒါကြောင့် ပေါ်ပေါက်လာမည့် အလားအလာကို အကောင်အထည်ဖော်ရေးအတွက်လည်းကောင်း အဖျက်သဘောထားများ၊ ဆန့်ကျင်ဘက်သဘောထားများကို ကာကွယ်တားဆီးရေးအတွက်လည်းကောင်း ကျနော်တို့အားလုံး နေရာအသီးသီး၊ ထောင့်အသီးသီးကနေ မိမိစွမ်းဆောင်နိုင်သမျှ အမျိုးသားညီညွတ်ရေးအတွက် စတင်ကြိုးပမ်းသင့်ပြီလို့ ကျနော်ယူဆပါတယ်။

အထူးသဖြင့် နိုင်ငံတော်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုလည်း အခုလို အတားအဆီး အနှောင့်အယှက်ဖိနှိပ်ချုပ်ချယ်မှုများကလွတ်မြောက်ခဲ့တဲ့ လွတ်လပ်ရေးနှစ်ပတ်လည်နေ့မှာ လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့် မသေကျန်ရစ်ခဲ့တဲ့ ရဲဘော်တယောက်ရဲ့ လွတ်လပ်ရေးကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်နဲ့ အထူးသဖြင့် မေတ္တာရပ်ခံချင်ပါတယ်။

တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ သဟဇာတဖြစ်ရေး၊ တမြေထဲနေ တရေထဲသောက် ချစ်ချစ်ခင်ခင်ဆိုတဲ့ စိတ်ဓာတ်ကို လမ်းညွှန်ချက်အဖြစ်နဲ့ သဘောထားကာ လက်ရှိတင်းမာနေမှုများကို လျှော့ချ၍ သဟဇာတဖြစ်ရေးကို ရှေ့ရှုသည့်အနေနှင့် စာနယ်ဇင်းများမှ တဖက်သတ်ပုတ်ခတ်နေမှုများကို ရပ်ဆိုင်းပါရန်။

နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ လွှတ်ပေးပါရန်။

ဆွေးနွေးဖက်များဖြစ်ကြသည့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့အား တားဆီးကန့်သတ်ထားသည်မှ လွှတ်ပေးပါရန်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ခွဲအသီးသီးအား လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့် ပြုပါရန် .... တို့ကို လောလောဆယ်နှင့် ချက်ချင်းဆောင်ရွက်ကာ မိမိတို့အကြီးအကဲ၏သဘောထားဖြစ်သော သဟဇာတဖြစ်ရေးသဘောထားကို လက်တွေ့အကောင်အထည်ဖော်ပြလိမ့်မည်ဟု မျှော်လင့်ချက်နှင့် မေတ္တာရပ်ခံလိုပါသည်။

ရဲဘော်ကြီးများ ခင်ဗျား ....

ကျနော်တို့အားလုံးဟာ လွတ်လပ်ရေးအရသာကို ပြည့်ပြည့်ဝဝမခံစားရဘဲ လွတ်လပ်စွာ ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ မိမိတို့၏ လိုလားချက်ကို ငြိမ်းချမ်းစွာဆန္ဒပြခွင့် စသည့် မွေးရာပါလူ့အခွင့်အရေးများ ဆုံးရှုံးနေသည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါပြီ၊ ကျနော်တို့ အကြိမ်ကြိမ်ပြောခဲ့သလို ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက်ကြိုးပမ်းရာမှာ တဦး၊ တယောက်၊ တဖွဲ့၊ တပါတီ၊ တတပ် သပ်သပ်အားနဲ့မရဘူး။ တပ်မတော်အပါအဝင် တိုင်းရင်းသား ပြည်သူတရပ်လုံးရဲ့ စည်းလုံးမှု၊ ညီညွတ်မှုရှိမှ ရနိုင်မယ်ဆိုတာကို လက်ခံယုံကြည်မယ်ဆိုရင် ညီညွတ်ရေးအတွက် အချင်းချင်းသဟဇာတဖြစ်ရေးအတွက် ဆွေးနွေးရာမှာ မှန် ၄ မှန်ရှိဖို့ ပထမလိုပါတယ်။ ဒါတွေကတော့ (၁) စေတနာမှန်ဖို့၊ (၂) သဘောထားမှန်ဖို့၊ (၃) လမ်းစဉ်မှန်ဖို့၊ (၄) ချည်းကပ်မှုမှန်ဖို့ လိုတယ်လို့ ကျနော်ပြောကြားလိုပါတယ်။

ရဲဘော်အပေါင်းတို့ခင်ဗျား –

ကျနော်တို့တတွေဟာ ညီညွတ်ရေးအတွက် မိမိတို့အယူအဆ၊ ယုံကြည်ယူဆချက်တွေကို အခါအခွင့်သင့်တိုင်း အခုလိုပြောကြားခဲ့တာ ကြာပါပြီ။ အဖွဲ့အစည်းတော်တော်များများနဲ့လည်း ဆွေးနွေးခဲ့ဖူးပါတယ်။ ဒါပေမယ့် အဖွဲ့အသီးသီးမှာရှိကြတဲ့ ဂိုဏ်းဂနဝါဒတွေကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ပါဘူး၊ လက်တွေ့အားဖြင့်လည်း ၈၈ ခုနှစ် အရေးအခင်းအတွင်းကလည်းကောင်း၊ ရွေးကောက်ပွဲအကြိုနဲ့ ရွေးကောက်ပွဲကာလတွေမှာလည်းကောင်း၊ ရွေးကောက်ပွဲပြီးကာလတွေမှာလည်းကောင်း ကြုံခဲ့တယ်။ ညီညွတ်ရေးတည်ဆောက်တယ်ဆိုတာ စောတယ် သို့မဟုတ် အချိန်အခါမသင့်သေးဘူး ဆိုတာမျိုး မဖြစ်သင့်လို့ထင်ပါတယ်။ ညီညွတ်ရေးတည်ဆောက်ခြင်းဟာ နိုင်ငံရေးမှာ အမြဲတမ်းမှန်တဲ့ နိုင်ငံရေးပရမတ္တသစ္စာသာ ဖြစ်ပါတယ်။ အချိန်အခါအခြေအနေနဲ့ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်တတ်ဖို့ ကျင့်သုံးတတ်ဖို့ပဲလိုပါတယ်။ ဒါကြောင့် အခုအချိန်ဟာ လက်တွေ့လုပ်ဖို့ အချိန်ရောက်နေပြီလို့ ကျနော်လေးလေးနက်နက် ယုံကြည်ပါတယ်။

ရဲဘော်များ ခင်ဗျား ....

ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် လက်တွဲညီညီညာညာ ဆောင်ရွက်ဖို့လိုပြီလို့ ပြောကြားရင်း၊ နှိုးဆော်ရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ ....။

❖

# မဲပြာပြာ အကွက်ကလေးတွေရှိတယ်

ဇွန်မှိုင်း

❛ဆရာဟာ မဲနယ်တောင်တန်းတခွင်တပြင် ခရီးပြင်းနှင်တဲ့ကာလဆီက လမ်းတလျှောက်မှာ တောင်ရိုးကလေးတွေကိုတွေ့တယ်။ ခနကလေးတွေကိုလည်း တွေ့တယ်။ ဒီလိုပဲ ပလောင်၊ ပအိုဝ်၊ ရှမ်း၊အင်းသားကလေးတွေကိုလည်း တွေ့ခဲ့ရပါသတဲ့။ အဲဒီကလေးတွေရဲ့တင်ပါးမှာ ...❜

• • • • • • • • • • • • • • • • •

(၁)

'တောင်ငူခရိုင် KNU အခြေခံဒေသမှာ တိုက်ပွဲတွေဖြစ်နေပြီ'

'ကရင်နီဒေသ ညာမူကုန်းကို လက်နက်ကြီးတွေနဲ့ ဒရစပ်ပစ်ခတ်နေပြီ' စတဲ့ သတင်းတွေ ဆက်တိုက်ကြားနေရတယ်။ ရွာတွေမီးလောင်ကြ၊ တောင်ယာစပါးသိမ်းပြီးစ စပါးကျည်တွေ မီးစွဲလောင်ကြ၊ အပြစ်မဲ့ပြည်သူတွေ၊ ရွာတွေကိုစွန့်ပြီး လွတ်ရာကျွတ်ရာ ရှောင်ပြေးကြရ။

မီးလောင်သွားတဲ့ စာသင်ကျောင်းတွေ၊
မီးကျွမ်းနေတဲ့ ကျောက်သင်ပုန်းတွေ၊
တစစီ ကျေမွသွားတဲ့ အိပ်မက်တွေ၊
အခါမတိုင်ခင် ကြွေလွင့်သွားရတဲ့ ပန်းနုသစ်တွေ။

အနာဂတ်တွေကိုမှ ကျကျနနကြီးကိုပဲ မပြီးနိုင်မဆီးနိုင် သင်းသတ်ခုတ်လှဲနေကြတာ။

(၂)

ဒါ ....ဘယ်လိုဖြစ်ကြတာလဲ၊ အရင်းခံတရားဟာ ဘာလဲ။

အဲဒီအတွက် အပြစ်မဲ့တဲ့ပြည်သူတွေ ဘယ်လောက်၊ ဘယ်အထိသေပေးကြရဦးမှာလဲ။

ကျနော်တို့ ပြည်သူတွေရဲ့ဘဝတွေ ဘယ်နေ့ထိ အပျက်ခံကြရဦးမှာလဲ။

(၃)

ဒီမိုကရေစီဆိတ်သုဉ်းခြင်းနဲ့ တိုင်းရင်းသားတွေရဲ့အခွင့်အရေး ဆုံးရှုံးနေရခြင်းဆိုတာတွေဟာ ကနေ့အခြေအနေဆိုးကြီးရဲ့ အရင်းခံ ပြဿနာတွေပါပဲ။

ဒီအရင်းခံပြဿနာတွေကို မဖြေရှင်းနိုင်သေးသမျှ မျိုးဆက်တွေတဆက်ပြီးတဆက်၊ နာဇီအကျဉ်းစခန်းထဲကဂျူးတွေလို အိမ်မက်ဆိုးတွေနဲ့ပဲ ညတာရှည်နေကြရမှာပါ။

(၄)

ဒီပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ။

ကိုင်တွယ်ဖြေရှင်းဖို့ဆိုရင် .... ဒီပြဿနာကို ဘယ်သူက မီးမွှေးလောင်မြိုက်စေတာလဲ။ ဘယ်သူတွေက သူရှို့တဲ့မီးကို ငြိမ်းသတ်နေရတာလဲဆိုတာကို စပြီးအကဲဖြတ်ဖို့ လိုမယ် ထင်ပါတယ်။ ကျနော့်အမြင်တော့ စစ်အာဏာရှင်စနစ်ဟာ မီးရှို့သူဖြစ်ပြီး ....။

ဒီမိုကရေစီနဲ့ တိုင်းရင်းသားအခွင့်အရေးတွေ ဆုံးရှုံးနေကြရတဲ့၊ အဲဒီအခွင့်အရေးတွေအတွက် တောင်းဆိုတိုက်ပွဲဝင်နေကြတဲ့ လူမျိုးပေါင်းစုံပြည်သူလူထုကြီးက ဒီမီးကိုငြိမ်းသတ်နေရသူတွေပါ။

(၅)

လွတ်လပ်ရေးရပြီး လပိုင်းအတွင်းမှာပဲ ပြည်တွင်းစစ်ကြီး စဖြစ်ခဲ့ရတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းဆိုတဲ့ လောကပါလတရားတွေ ဘယ်ရောက်သွားပြီလဲ။

ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းက အခုလိုပြောကြားခဲ့ပါတယ်။

"ကျနော်တို့ ဗမာပြည်သစ်ကြီးကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား။ လူမျိုးကြီးတမျိုးတည်းဆိုတဲ့ Unitary တိုင်းပြည်မျိုးတည်ထောင်မလားဆိုတဲ့ မေးခွန်းကို ဖြေလိုတယ်။ ကျနော့်အမြင်အရဆိုရင်တော့ လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကိုလည်း စည်းကမ်းသတ်မှတ်ပေးပြီးတော့ လူမျိုးကြီးတမျိုးတည်းဆိုတဲ့ Unitary နိုင်ငံမျိုးတော့ မဖြစ်ဘူး။ ပြည်ထောင်စုသဘော မျိုးဖြစ်ရမှာပဲ"

ဒါပေမယ့် လက်တွေ့မှာ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သလောက် ဖြစ်ခဲ့ရဲ့လား။ ဗိုလ်ချုပ်ချပြခဲ့တဲ့ လမ်းညွှန်ချက် (၇)ချက်အတိုင်း ကွက်တိဖြစ်ခဲ့ပါသလား။

ဒီမိုကရေစီဆိတ်သုဉ်း ....

အမျိုးသားတွေရဲ့ တန်းတူမှုတွေ ကင်းမဲ့လာတာနဲ့အမျှ ပြည်တွင်းစစ်ဟာ သည်းသန်သည်ထက် သည်းသန်လာခဲ့ပါတယ်။ ဒါကို ဘယ်လို ကုစားကြမလဲ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်းချက်များကိုထောက်ပြပြီး ပြည်ထောင်စုစစ်စစ်မှု (ဖယ်ဒရယ်မှု)နဲ့ ပြန်လည်ဖွဲ့စည်းနိုင်ဖို့အတွက် ပါလီမန်ကို ၁၉၆၂ ခု၊ ဖေဖော်ဝါရီ(၂၄)ရက်နေ့မှာ တိုင်းရင်းသားပေါင်းစုံတို့က တင်ပြခဲ့ကြပါတယ်။

အဲဒီမှာတင် ....'ဒါဟာ ပြည်ထောင်စုစစ်စစ်မှု (ဖယ်ဒရယ်မှု)မဟုတ်ဘူး။ ဒါဟာ ပြည်ထောင်စုပြိုကွဲရေးမှု ဖြစ်တယ်' ဆိုပြီး စစ်အုပ်စုက တံဆိပ်ကပ်လိုက်တယ်။ စဉ်းစဉ်းစားစား တင်ပြဆွေးနွေးခဲ့ကြသူအားလုံးကိုလည်း ပြည်ထောင်စုကိုဖြိုခွဲသူလို့ စွပ်စွဲလိုက်ပါတယ်။ တပြိုင်နက်တည်းမှာ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့စစ်အုပ်စုဟာ နိုင်ငံတော်အာဏာကို ရယူသိမ်းပိုက်လိုက်ပြီး ရွေးကောက်ပွဲနိုင် ပထစအစိုးရကို အကျဉ်းထောင်ထဲ ပို့ပစ်လိုက်ပါတော့တယ်။

ပိုဆိုးတာက ဖယ်ဒရယ်ဆိုတာကို ခွဲထွက်ရေးလို့ ဇွတ်အတင်းဘာသာပြန်ပြီး စကားလုံးကိုပါ မကိုင်ရဲ၊ မတွယ်ရဲ၊ လက်မခံရဲအောင် အမြောက်အများတိုက်ခဲ့၊ လိမ်ညာဝါဒဖြန့်ခဲ့တာပါ။

သမိုင်းအမှန်တွေကို ဖော်ထုတ်ခွင့်ပိတ်ပင်။

သမိုင်းအမှားတွေကို ကျောင်းသုံးပြဋ္ဌာန်း။

သက်ရှိသမိုင်းတွေလို့ ပြောနိုင်လောက်တဲ့ ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးတွေကို အမျိုးမျိုးကန့်သတ်။

သမိုင်းကို မျက်ခြေဖြတ်ဖို့ မီးကုန်ယမ်းကုန် ကြိုးပမ်းခဲ့ကြတာပါ။

(၆)

"Federal ဆိုတာဟာ ခွဲထွက်ရေးမဟုတ်ပါဘူး။ ကျမတို့အားလုံးသိပြီးသားပဲ။ ခွဲထွက်ရေးမဟုတ်ဘူးဆိုတာ ကျမတို့ လက်ခံပါတယ်။ ဒါပေမယ့် Federal ဆိုတာ အမျိုးမျိုးရှိပါတယ်။ Federal ဆိုတာ Central Government (ဗဟိုအစိုးရ)နဲ့ Local Government (ဒေသအစိုးရ)တို့ကြားမှာ ဘယ်လိုအာဏာခွဲရမလဲ။ ဒါဟာ Federal ရဲ့ အဓိကပြဿနာပဲ။ ဒါကို ဆုံးဖြတ်ရမှာပဲ"

UNLD (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်)နဲ့ တွေ့ဆုံဆွေးနွေးတဲ့ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်တာပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တိုင်းရင်းသား (၂၁)ပါတီစုစည်းထားတဲ့ UNLD နဲ့ ၁၉၉၀ ဩဂုတ်လ (၂၉)ရက်မှာပဲ ပူးတွဲပြီး ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

(၇)

"ရောက်လေရာအရပ်က
(တောင်ရိုး၊ ခနု၊ ပလောင်၊
ပအို့ဝ်၊ ရှမ်း၊ အင်းသား)
ဝမ်းလျားထိုးစ
ကလေးများရဲ့ တင်ပါး
မည်းပြာရောင် အကွက်အကွက်
မနုဿမျိုးနွယ်တူ သင်္ကေတ
ကျနော်တို့ကလေးတွေ တင်ပါးနဲ့
ဘယ်မှာ ကွာခြားလို့လဲ။"

ကျနော့်ရင်ထဲမှာစွဲနေတဲ့ ကဗျာဆရာ မောင်အောင်ပွင့်ရဲ့ ကဗျာတပိုဒ်တစ်ပါ။ ဆရာဟာ မဲနယ်တောင်တန်းတခွင်တပြင် ခရီးပြင်းနှင်တဲ့ကာလဆီက လမ်းတလျှောက်မှာ တောင်ရိုးကလေးတွေကို တွေ့တယ်။ ခနုကလေးတွေကိုလည်း တွေ့တယ်။ ဒီလိုပဲ ပလောင်၊ ပအို့ဝ်၊ ရှမ်း၊ အင်းသားကလေးတွေကိုလည်း တွေ့ခဲ့ရပါသတဲ့။ အဲဒီကလေးတွေရဲ့တင်ပါးမှာမည်းပြာပြာအကွက်ကလေးတွေကိုတွေ့ရတဲ့အခါမှာ၊ ရန်ကုန်မှာ၊ ပုသိမ်မှာ၊ မန္တလေးမှာ၊ ပျဉ်းမနားမှာတွေ့ရတဲ့ဗမာကလေးတွေရဲ့ တင်ပါးမှာတွေ့ရတတ်တဲ့ မည်းပြာပြာအကွက်ကလေးတွေနဲ့ တထေရာတည်းတူနေတာ သတိထားမိပါသတဲ့။ ဆရာက ကျနော့်ကို ဒီလိုပြောပြပါတယ်။

"အဲဒါ ကျနော်တို့အားလုံးဆွေမျိုးတွေပဲဆိုတာ ပြနေတာပဲဗျ။ မဲနယ်တောင်ပေါ်ကကလေးလေးတင်ပါးမှာရှိတဲ့ အမဲကွက်ကလေးဟာ ဝေန်မြစ်ကမ်းဘေးမှာ မွေးတဲ့ကျနော့်သား မောင်ကြီးငြိမ်းချမ်းရဲ့ တင်ပါးမှာရှိတဲ့ အမဲကွက်ကလေးနဲ့ အတူတူပဲ။ ကျနော်တို့အားလုံး ဆွေမျိုးတွေဗျာ၊ ခုတော့ ...."

ဆရာဟာ ငြိမ်းချမ်းရေးကို တမ်းတမ်းတတ တွေတွေငေးငေးနဲ့ ဟိုးအဝေးဆီကို မျှော်ကြည့်နေတယ်။ ဆရာ့မျက်ဝန်းထဲမှာ ဘာတွေရှိနေမလဲ။

"ဝန်မှန်သမျှ ကျောပိုး
ကိုယ်က ဟတ်ထိုးလဲလု ရှေ့ရောက်
ခြေထောက်တွေ
နောက်က လိုက်ခဲ့ပေတော့
ခြေထောက်ရှေ့က ကိုယ်
ကိုယ်ရှေ့က
ဝတ်စုံချည်း အခွံ
ခရီးလွန်သွားပုံ
ယုံချင်ယုံ
မယုံချင် နေရစ်ပလေစေ"။

စနစ်ဆိုးကြီးရဲ့ဒဏ် အခံရဆုံး၊ စစ်အုပ်စုရဲ့ဒဏ် အခံရဆုံး၊ သမိုင်းနဲ့ချီတဲ့ ခါးသည်းမှုတွေကို ဟတ်ထိုးလဲမတတ် တနင့်တပိုးကျောပိုးခဲ့ရတဲ့ ကျနော်တို့သွေးချင်းတွေ။

အနှစ်မပါတဲ့ 'တိုင်းရင်းသား စည်းလုံးညီညွတ်ရေး' ကြွေးကြော်သံအတွက် ဟန်ဆောင်ပန်ဆောင် 'ပြည်ထောင်စုနေ့အခမ်းအနား'မှာဝတ်ဆင်နိုင်ဖို့ ဝတ်စုံချည်းသက်သက် ရန်ကုန်ကိုပို့ပေးလိုက်ရတဲ့ အကြောင်းဆိုတာ ....

ဘယ်လိုမှမဟောင်းနိုင်တဲ့ သက်ရှိပုံပြင်တွေ ဖြစ်နေဆဲပါ။

(၈)

စစ်အုပ်စုဟာ 'တိုင်းရင်းသားစည်းလုံးညီညွတ်ရေး'အတုလုပ်တယ်။ 'ပြည်ထောင်စုနေ့'အတုလုပ်တယ်။

စစ်အုပ်စုဟာ အတုလုပ်တဲ့နေရာမှာတော့ စွာမှစွာ။ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတောင် အတုလုပ်လိုက်သေးတယ်။

၁၉၆၃-၆၄ မှာ တခါ။

၁၉၈၀-၈၁ မှာတခါ။

လက်နက်ချခိုင်းတာ၊ ပါတီဖျက်ခိုင်းတာ၊ တပ်ဖျက်ခိုင်းတာ၊ လွတ်မြောက်ဒေသဖျက်ခိုင်းတာတွေကို ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်တာလို့ နာမည်တပ်ခဲ့တာပါ။

ကိုယ့်လူတွေကို ကိုယ့်တပ်တွေကို ဂရစ်လိုင်းတွေထဲမှာ စုပေးထားရမယ်။ တနယ်နဲ့တနယ်ဆက်ရင် သူတို့ဆက်သွယ်ရေးစခန်းတွေကတဆင့်သာ ဆက်ရမယ်။

လက်နက်တွေကို အဲဒီစုရပ်တွေထဲမှာပဲ စုထားရမယ်။

တပ် မတိုးချဲ့ရဘူး။ အခွန်မကောက်ရဘူး။ ရံပုံငွေ မကောက်ခံရဘူး။ စည်ရုံးရေးမဆင်းရဘူး။ တပ်သားသစ် မစုဆောင်းရဘူး။ ဒို့ထက် တဆင့်တိုးလာတာက ....

ပါတီကို ဖျက်လိုက်ပါ။ နိုင်ငံရေးလုပ်ချင်ရင် မဆလပါတီမှာ တဦးချင်းဝင်လုပ်ပါ။

တပ်ကို ဖျက်လိုက်ပါ။ စစ်အုပ်စုရဲ့တပ်မှာ တဦးချင်းဝင်ပြီး အမှုထမ်းပါ။

လွတ်မြောက်နယ်မြေကို ဖျက်လိုက်ပါ၊ ကောင်စီအဆင့်ဆင့်က ရွေးကောက်တင်မြှောက်ပွဲလုပ်ဖို့ မဲဆန္ဒနယ်မြေတွေအဖြစ် သတ်မှတ်လိုက်ပါဆိုတာမျိုးတွေ တောင်းဆိုလာခဲ့ပါတယ်။ တော်လှန်ရေးအင်အားစုများက ဒါတွေကိုသာလက်ခံလိုက်ရင် ငြိမ်းချမ်းရေးဆွေးနွေးတာမဟုတ်တော့ဘဲ လက်နက်ချတာဖြစ်သွားတော့မှာ အသေအချာပါ။ ဘယ်တော်လှန်ရေးအင်အားစုကရော ဒီတောင်းဆိုချက်တွေကို လိုက်လျောနိုင်မှာတဲ့လဲ။

ဒါကြောင့်လည်း ၁၉၆၃ ဆွေးနွေးပွဲလည်းပျက်၊ ၁၉၈၀ ဆွေးနွေးပွဲလည်း အရာမထင်ဖြစ်ခဲ့ရတာပါ။

(၉)

ဘာကိုပဲလုပ်လုပ် စိတ်စေတနာမှန်ဖို့ လိုပါတယ်။ စိတ်စေတနာမှန်မှန်နဲ့ လုပ်ကြမယ်ဆိုရင်တောင် အမြော်အမြင်ရှိရှိနဲ့ တော်တော်ကို အချိန်ယူပြီးလုပ်ကြရမှာပါ။

သမိုင်းနဲ့ချီပြီး နာခဲ့ရတဲ့အနာဆိုတာ ဥံဖွလောက်နဲ့ ဘယ်လိုမှသက်သာ မသွားနိုင်ပါဘူး။

နှစ်ပေါင်းများစွာ စွဲကပ်လာတဲ့ရောဂါကို သမားကောင်းတို့ရဲ့စိတ်ထားနဲ့ နှစ်ပေါင်း

[redacted]

# နိုင်ငံတကာ

## နာဇီလက်အောက်မှ အော့ဇ်ဝစ်အကျဉ်းစခန်း လွတ်မြောက်ရေးအထိမ်းအမှတ် ကျင်းပ

အေအက်ဖ်ပီ။

ဇန်နဝါရီလ (၂၇)ရက်နေ့က ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်စစ်သည်တို့၏ ကယ်တင်မှုကြောင့် ဂျာမန်နာဇီတို့လက်အောက်မှ အော့ဇ်ဝစ်အကျဉ်းသားများ လွတ်မြောက်သည့် အနှစ် (၆၀)မြောက် အောက်မေ့ဖွယ် အခမ်းအနားကိုကျင်းပခဲ့ရာ နိုင်ငံ (၄၀)ကျော်မှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။ အခမ်းအနားကို ဒုတိယကမ္ဘာစစ်အတွင်းက ဂျူး၊ ဂျစ်ပစီ၊ ဆလပ်ဗ်နှင့် လိင်တူဆက်ဆံသူများအား သေဒဏ်စီရင်ခဲ့သည့် ပိုလန်နိုင်ငံအတွင်းရှိ ယခင်အော်ဇဝစ်အကျဉ်းစခန်းအနီး ရထားလမ်းဘေးတွင် ကျင်းပပြုလုပ်ခဲ့သည်။ လွတ်မြောက်လာသူများထဲမှ အသက်ရှင်ကျန်နေရစ်သည့် အသက် (၈၀)ကျော်ရှယ် အဖိုးအဖွားများက ရထားလမ်းတဘေးတလျှောက်တွင် ဖယောင်းတိုင်မီးများထွန်းညှိကာ သေဆုံးသူများအတွက် ဝမ်းနည်းသည့်အထိမ်းအမှတ်အနေဖြင့် နှင်းမုန်တိုင်းများကျနေသည့် ရေခဲမှတ်အောက်အေးနေသည့် လေဟာပြင်၌ ဆိတ်ငြိမ်စွာ ထိုင်နေခဲ့ကြသည်။ အခမ်းအနားမှာ (၃)နာရီ ကြာမြင့်ပြီး ယခင်က အကျဉ်းသားများအားသယ်ဆောင်လာသည့် ရထားတွဲများ ဤစခန်းသို့ ဆိုက်ရောက်လာချိန်၌ အချက်ပေးခရာသံဖြစ်သည့် ခြောက်ခြားဖွယ်ရာသင်္ကေတဖြစ်သည့် စူးစူးရှရှဝီစီသံမှုတ်ကာ အခမ်းအနားကိုရုတ်သိမ်းခဲ့ကြသည်။ ထို့ပြင် အော့ဇ်ဝစ်အကျဉ်းစခန်း၏ အနောက်ဘက် မိုင် (၄၀)အကွာရှိ ကရာကိုး အကျဉ်းစခန်းဟောင်းရှိသည့်နေရာတွင်လည်း အောက်မေ့ဖွယ်အခမ်းအနားတခု ကျင်းပခဲ့သည်။ လုံခြုံရေးအတွက် အော့ဇ်ဝစ်မှ ကရာကိုးရထားလမ်းတလျှောက်တွင် ရဲအင်အား (၃၀၀၀)ကျော်ချထားခဲ့သည်။ အော့ဇ်ဝစ်အကျဉ်းစခန်းကို (၁၉၃၉) ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး (၁၉၄၂)ခုနှစ်၌ ဥရောပဂျူးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့် အကြီးမားဆုံးဌာနချုပ်စခန်းကြီးဖြစ်လာခဲ့သည်။ ထိုစခန်း၌ လူပေါင်း (၁.၅)သန်း အသတ်ခံခဲ့ရပြီး အများစုမှာ ဂျူးများဖြစ်ကြသည်။ (၁၉၄၅)ခုနှစ် ဇန်နဝါရီလ (၂၇)ရက်နေ့၊ ဆိုဗီယက်စစ်သည်များ ဆိုက်ရောက်ချိန်တွင် အသက်ရှင်ကျန်နေသူ (၇၀၀၀) သာရှိတော့သည်။ အကြောင်းမှာ နာဇီများက အနောက်ဖက်စွန်းအရပ်ရှိ အကျဉ်းစခန်းဆီသို့ လမ်းလျှောက်နိုင်သည့် အကျဉ်းသားအများစုကို နှင်းတောထဲတွင် ဖြတ်လျှောက်စေကာ "သေမင်းတမန်ချီတက်ပွဲ" ကို အစမ္မပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်။ ထိုအခမ်းအနား၌ အော့ဇ်ဝစ်အကျဉ်းစခန်းအား လွတ်မြောက်စေခဲ့သည့် ဆိုဗီယက်တို့၏ကိုယ်စား ရုရှားသမတ ဗလာဒီမာပူတင်က အကြမ်းဖက်သမားများနှင့် မည်သည့်အခါမျှ စေ့စပ်ကြေအေး၍မရကြောင်း ပြောကြားခဲ့သည်။ အစုလိုက်အပြုံလိုက် လူသတ်မှုကြီးကို ကျူးလွန်ခဲ့သည့်နိုင်ငံကို ကိုယ်စားပြုနေသည့်အတွက်ကြောင့် ဂျာမန်သမတ ဟို့စ်ခိုလာအား ဖိတ်ကြားခဲ့သော်လည်း၊ စကားပြောခွင့်မပေးခဲ့ပေ။ ထို့ပြင် ဆိုဗီယက်စစ်သည် (၆၀၀ယ၀၀၀)ကျော်သည် ပိုလန်လွတ်မြောက်ရေးအတွက် အသက်စွန့်လွှတ်ခဲ့ရကြောင်းနှင့် ဖက်ဆစ်နာဇီစနစ်အဆုံးသတ်ရေး ဤမဟာအောင်ပွဲကြီးအတွက် ဆိုဗီယက်ပြည်သူ (၂၇)သန်းကျော်တို့၏ ကြီးမားသည့်အသက်တန်ဖိုးများ ပေးဆပ်ခဲ့ရခြင်းကို ဘယ်တော့မှ မေ့မည်မဟုတ်ကြောင်း ပူတင်က လေးလေးနက်နက် ထည့်သွင်းပြောကြားသွားခဲ့သည်။



ဒုတိယကမ္ဘာစစ်အတွင်းက လူပေါင်း (၁ဒသမ၅)သန်းအသတ်ခံခဲ့ရသည့် နာဇီတို့၏ အော့ဇ်ဝစ်အကျဉ်းထောင်

❖

## အီရန်နိုဘဲယ်လ်ဆုရှင်အား ဖမ်းဆီးရန်ခြိမ်းခြောက်မှု အဆုံးသတ်

International Herald Tribune

၂၀၀၃ ခုနှစ်၊ နိုဗယ်လ်ဆုရှင် ရှီရင်အီဘာဒီအားဖမ်းဆီးရန် ခြိမ်းခြောက်ခဲ့ခြင်းကို ဇန်နဝါရီလ(၁၇)ရက်နေ့ကအီရန်တရားရေးဌာနက ပြန်လည်ရုတ်သိမ်းခဲ့ပြီး သူမကိုပေးပို့ခဲ့သည့် တရားရုံး၏ဆင့်ခေါ်စာမှာ အုပ်ချုပ်ရေးဌာန၏ အမှားတခုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ "သမ္မန်စာရေးတဲ့စာရေးက အတွေ့အကြုံသိပ်မရှိသေးတော့ သမ္မန်စာမှာ ဘာအကြောင်းအရာဖော်ပြရမယ်ဆိုတာမသိတာဘဲ"ဟု တရားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ကာမယ်လ်ကာရီမီရင်ဒ်က ခပ်ပေါ့ပေါ့ပင် ပြောဆိုခဲ့သည်။ ထို့ပြင် စာရေးဖြစ်သူက အီဘာဒီအား အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်သည့် ရာဇဝတ်မှုများကို စစ်ဆေးသည့် တော်လှန်ရေးတရားရုံးသို့ မှားယွင်းစွာခေါ်ဆိုခဲ့ခြင်းလည်းဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။



အီရန်နိုဘဲယ်လ်ဆုရှင် ရှီရင်အီဘာဒီ

တရားရုံးက အီဘာဒီအားတနင်္ဂနွေနေ့ နောက်ဆုံးထား၍လာရောက်ရန် လွန်ခဲ့သည့်အပတ်က ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ "အစိုးရရှေ့နေက ဤအမှုသည် အီဘာဒီနှင့်ပတ်သက်ကြောင်းသိရှိသည့်အခါ ပြန်လည်စစ်ဆေးခဲ့ရာ အမှားအယွင်းအချို့ တွေ့ရှိခဲ့ကြောင်း"ကာရီမီရင်ဒ်က အပတ်စဉ်သတင်းစာကွန်ဖရင့်၌ ပြောကြားခဲ့သည်ဟု အီရန်သတင်းဌာနက အစီရင်ခံခဲ့သည်။ "သာမန်မှားယွင်းမှုတခုသာ ဖြစ်ပါတယ်။ နိုင်ငံရေးအမှုလည်း မဟုတ်၊ လုံခြုံရေးဆိုင်ရာအမှုလည်း မဟုတ်ပါဘူး"ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။ အီဘာဒီသည် အသက် (၅၇)နှစ်ရှိပြီဖြစ်ပြီး ရှေ့နေတဦးလည်းဖြစ်သည်။ နိုင်ငံရေးအမြင်ကွဲသူများဘက်မှနေ၍ ခုခံကာကွယ်ခဲ့သည့်အတွက် အတိတ်က အာဏာပိုင်များနှင့် ပဋိပက္ခရှိခဲ့ဖူးသူဖြစ်သည်။ သူမသည် ၂၀၀၂ခုနှစ်က အီရန်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးခဲ့ရသည့် အီရန်–ကနေဒါ သတင်းစာသမားတဦးဖြစ်သူ ဇာရာကာဇေမီ၏မိသားစုဘက်မှ ကိုယ်စားပြုရှေ့နေလိုက်ခဲ့သူဖြစ်သည်။ အီဘာဒီက အီရန်အကျဉ်းထောင်များအတွင်း တိုက်ပိတ်ခြင်းကိုဖျက်သိမ်းပေးရန် လွန်ခဲ့သည့်အပတ်က ရဲရင့်စွာတောင်းဆိုခဲ့သည်။ သို့သော် ကာရီမီရင်ဒ်က အီရန်အကျဉ်းထောင်များအတွင်း တိုက်ပိတ်ခြင်းမရှိကြောင်းပြောဆိုလိုက်ပြီး အီဘာဒီ၏တောင်းဆိုမှုကို ပယ်ချခဲ့သည်။ အာဖရိကသို့ ခရီးထွက်နေသူ သမတခါတာမီက အီဘာဒီ၏လုံခြုံရေးနှင့် သူမ၏လှုပ်ရှားမှုများ လွတ်လပ်စွာ ဆက်လက်ဆောင်ရွက်ခွင့်ကို အာမခံကြောင်းပြောကြားခဲ့သည်။❖

## လွတ်လပ်မှုများဖြန့်ကျက်ခြင်း သို့မဟုတ် သမတဘုရှ် ဒုတိယအကြိမ် ပြန်လာခြင်း



အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်

**International Herald Tribune**

ကမ္ဘာ့ဒေသအသီးသီးသို့ လွတ်လပ်မှုများဖြန့်ကျက်ရန်အတွက် "ကျနော်တို့ခေတ်၏ဘာဝပေးတာဝန်"ဖြစ်သည့် မစ်ရှင်တခုကို အမေရိကန်ပြည်ထောင်စုက အလေးထားလုပ်ဆောင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပြီး ၎င်း၏ ဒုတိယအကြိမ်သက်တမ်းကို ဇန်နဝါရီလ(၂၀)ရက်နေ့က သမတဂျော့ဒဗလျူဘုရှ်က စတင်ဖွင့်လှစ်ခဲ့သည်။

လွတ်လပ်မှုသည် ပြည်သူအားလုံး၏ အခွင့်အရေးမျှသာမက ၎င်း၏ပင်ကိုယ်သဘောအရပင် ထူးကဲသာလွန်သည့်အရေးတော်ပုံဖြစ်ခြင်းကြောင့် အမေရိကား၏လုံခြုံမှုကို ဆက်လက်ထိန်းသိမ်းရန်အတွက်စက်ယန္တရားတခုလည်းဖြစ်သည်ဟု သမတက ပြောဆိုခဲ့သည်။ "ကျနော်တို့နိုင်ငံရဲ့ရှင်သန်မှုဟာ အခြားနိုင်ငံတွေရဲ့ လွတ်လပ်မှုအောင်ပွဲတွေအပေါ်မှာ တိုးတိုးပြီးမှီခိုနေတယ်ဆိုတဲ့ နိဂုံးတခုဆီကိုရောက်ဖို့အဖြစ်အပျက်တွေနဲ့ သာမန်စဉ်းစားဉာဏ်တွေက ကျနော်တို့ကိုဦးဆောင်လမ်းပြနေတယ်။ ကျနော်တို့ ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး မျှော်လင့်ချက်ဟာ ကမ္ဘာကြီးတခုလုံးမှာ လွတ်လပ်မှုတွေ တိုးချဲ့လုပ်ဆောင်ရေးပဲဖြစ်တယ်"ဟု သမတဘုရှ်က ပြောဆိုခဲ့သည်။ အီရတ်နှင့် အာဖဂန်နစ္စတန်တို့ကို အမည်ဖြင့် ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ၊ အကြမ်းဖက်ဆိုသည့် စကားလုံးကိုပင်မသုံးဘဲ အမေရိကန်၏ လုပ်ငန်းတာဝန်ကို သမတက ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုခဲ့သည်။ "ဒါကြောင့်ကျနော်တို့ကမ္ဘာကြီးမှာ အကြမ်းဖက်ရက်စက်မှုတွေနိဂုံးချုပ်ဖို့ဆိုတာ အန္တိမရည်မှန်းချက်ဖြစ်တာကြောင့် နိုင်ငံအသီးသီးနဲ့ ယဉ်ကျေးမှုတိုင်းမှာ ဒီမိုကရေစီလှုပ်ရှားမှုနဲ့ဒီမိုကရေစီအဆောက်အအုံတွေဖွံ့ဖြိုးဖို့ကို ကူညီထောက်ပံ့ဖို့ဆိုတာဟာ အမေရိကန်ပြည်ထောင်စုရဲ့မူဝါဒဖြစ်ပါတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

"ကျနော့်တို့အနေနဲ့ ခင်ဗျားတို့နဲ့ မိတ်ဆွေဖြစ်ရတာကို ဂုဏ်ယူတယ်၊ ခင်ဗျားတို့အကြံဉာဏ်တွေကိုလည်းအားထားတယ်၊ခင်ဗျားတို့အကူအညီကိုလည်း အားကိုးတယ်ဆိုတာ အမေရိကန်ပြည်ထောင်စုရဲ့ မဟာမိတ်တွေအားလုံးသိပါတယ်"ဟု ထပ်လောင်းပြောကြားခဲ့သည်။ ထို့ပြင် ပြည်တွင်းရည်မှန်းချက်ကိုလည်းထည့်သွင်းပြောကြားရာတွင် ပိုင်ဆိုင်မှုရှိသည့် လူ့ဘောင်ဟုခေါ်တွင်သည့် အမေရိကန်များအား လူမှုအာမခံအငြိမ်းစားပင်စင်လစာငွေများ၏တစိတ်တပိုင်းကို ရင်းနှီးမြှုပ်နှံခွင့်ပြုမည့်အစီအစဉ်နှင့် လုပ်ငန်းများနှင့် အိုးအိမ်များပိုင်ဆိုင်ရန်ပိုမိုလွယ်ကူစေမည့် အခွန်ဥပဒေများကို ပြင်ဆင်မည့်အစီအစဉ်များကို ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိက ဝတ်ပြုခဲ့သည်။ ❖

## ဆူဒန်ငြိမ်းချမ်းရေးတိုးတက်မှု

ဇန်နဝါရီ၊ ၂၄၊ တိုင်းမဂ္ဂဇင်း။

အစိုးရနှင့်တောင်ပိုင်းသူပုန်တို့အကြား တရားဝင်ငြိမ်းချမ်းရေးလက်မှတ်ထိုးလိုက်သည့်အတွက်ကြောင့် ဆယ်စုနှစ်(၂)ခုကျော်ကြာ ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ နှစ်ဖက်သဘောတူညီချက်အရ သူပုန်ခေါင်းဆောင် ဂန်ဂါရန်မှာ ဒုသမတဖြစ်လာမည်ဖြစ်သည်။ သူပုန်များနှင့် နောက်ထပ်ဆွေးနွေးမှုအသစ်ကို လာမည့်အပတ်များအတွင်း အနောက်ပိုင်းဒါဖာဒေသ၌စတင်လိမ့်မည်ဟု ခါတွမ်က ကြေညာခဲ့သည်။ ❖

## ယူကရိန်းနောက်ဆုံးအခြေအနေ

ဇန်နဝါရီ၊ ၂၄၊ တိုင်းမဂ္ဂဇင်း။

ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည့် သမတရွေးကောက်ပွဲတွင် ဒုတိယမဲအများဆုံးရခဲ့သည့် ဗစ်တာယာနူကိုဗစ်ချ်သည် ရွေးကောက်ပွဲရလာဒ်လက်မခံဘဲ ဆန့်ကျင့်သည့် နောက်ဆုံးလျှောက်ထားချက်ကို တရားရုံးတွင် ရင်ဆိုင်ခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်၏အဆိုအရ ယာနူကိုဗစ်ချ်သည့် အတိုက်အခံခေါင်းဆောင် ဗစ်တာယူချင်ကိုအား မဲပေါင်း (၂)သန်းကျော်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ရွေးကောက်ပွဲပြန်လည်ကျင်းပရန် ယာနူကိုဗစ်ချ်၏ အကြိမ်ကြိမ်လျှောက်လဲချက်ကို တရားရုံးက ပယ်ချခဲ့ပြီးဖြစ်သည်။ တရားဥပဒေကြောင်းအရ စိန်ခေါ်မှုများ ပြီးဆုံးသည့်တိုင် သမတသစ် ဗစ်တာယူချင်ကိုမှာ သမတတာဝန်ကို စတင်မယူနိုင်သေးချေ။ ❖



ဗစ်တာယာနူကိုဗစ်ချ်

# နိုင်ငံတကာ

## တရုတ်ပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်ဟောင်း ကျောက်ကျိယန် ကွယ်လွန် နိုင်ငံတော်ဈာပနအဖြစ် သင်္ဂြိုဟ်ရန် အစီအစဉ်မရှိ



တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဟောင်း ကျောက်ကျိယန်

**International Herald Tribune**

တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်းဖြစ်သူ ကျောက်ကျိယန်သည် ဇန်နဝါရီလ(၁၇)ရက်နေ့ကနေ အိမ်တွင်အကျယ်ချုပ်ဘဝဖြင့် နေထိုင်ရင်း ကွယ်လွန်သွားခဲ့သည်။ ၎င်း၏ အသုဘအခမ်းအနားအား နိုင်ငံတော်ဈာပန အနေဖြင့်ကျင်းပရန် အစီအစဉ်မရှိကြောင်း တရုတ်ပြည်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကိုးကွမ်းက ထုတ်ဖော်ပြောဆိုခဲ့သည်။ ယခင်က ပါတီခေါင်းဆောင်ဟောင်းဖြစ်ခဲ့သူ ကျောက်ကျိယန်သည် ၁၉၈၉ ခုနှစ် တီအန်ယင်မင်အရေးအခင်း၌ ကျောင်းသားများ၏ ဒီမိုကရေစီလှုပ်ရှားမှုအပေါ် အစိုးရကအကြမ်းဖက်နှိမ်နင်းမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့သူဖြစ်သည်။ ထို့အတွက်ကြောင့် ၎င်းကိုပါတီအကြီးအကဲအဖြစ်မှ ဖယ်ရှားပစ်လိုက်ပြီး နေအိမ်တွင်အကျယ်ချုပ်ဖြင့် (၁၆)နှစ်ကြာ ဖမ်းဆီးခံထားရသည်မှာ ယခုကွယ်လွန်ချိန်အထိပင်ဖြစ်သည်။

ကျောက်ကျိယန်ကွယ်လွန်ခြင်းနှင့် ပတ်သက်၍ပြည်သူလူထုသို့ တရားဝင်ထုတ်ဖော်ပြောဆိုရာတွင် ၁၉၈၉ခုနှစ် ဆန္ဒပြမှုသည် အစိုးရဆန့်ကျင်ရေး ဆူပူမှုတရပ်ဖြစ်ကြောင်းနှင့် ပါတီကွဲပြဲရန်ကြိုးစားခဲ့သည့် ကျောက်ကျိယန်၏ အတွေးအခေါ်များမှာလည်း မပြောင်းမလဲ ဆက်လက်တည်ရှိနေမှာပင်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီအရာရှိက ထင်မြင်ချက်ပေးခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ကိုးကွမ်းက ပြောဆိုခဲ့သည်။ ထို့ပြင် "နိုင်ငံရေးအနှောင့်အယှက်တွေနဲ့ ကျောက်ရဲ့ပြဿနာတွေကတော့ ပြီးသွားပါပြီ၊ ၁၉၈၉မှာ ဖြစ်ခဲ့တာတွေလည်း အဆုံးသတ်သွားပါပြီ၊ ကျနော်တို့အနေနဲ့ကတော့ ကိုယ့်လမ်းကို မယိမ်းမယိုင်နဲ့ ခိုင်ခိုင်မြဲမြဲဆက်လျှောက်ရပါမယ်"ဟု ကိုးကွမ်းက ဆက်လက်ပြောကြားခဲ့သည်။

နှိုင်းယှဉ်ချက်အရ အဆင့်နိမ့်ပါတီအရာရှိများပင်လျှင် ထိပ်တန်းခေါင်းဆောင်များ တက်ရောက်ပြီး နိုင်ငံတော်ဈာပနဖြင့် ဂုဏ်ပြုခံခဲ့ရသော်လည်း ကျောက်ကျိယန်မှာမူ ဤကဲ့သို့ဂုဏ်ပြုမခံရချေ။ ကျောက်ကျိယန်၏ မိသားစုဝင်များက ပီကင်းမြို့လယ်ရှိနေအိမ်တွင်ကျင်းပမည့် ဝတ်ပြုဆုတောင်းပွဲသို့ ၎င်း၏လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ မိတ်ဆွေများအားတက်ရောက်ရန်အတွက် အီးမေးဖြင့်ဖိတ်ကြားခဲ့သည်။ အရပ်ဝတ်ရဲများက နေအိမ်အား ဝိုင်းရံထားပြီး အနီးအနားရှိ ရပ်ကွက်လမ်းဆုံလမ်းခွများ၌ နေရာယူထားကြသည်။

ကျောက်၏ နှစ်ရှည်လများ ကိုယ်ရံရဲဘော်လုပ်ခဲ့ဖူးသူ ပေါက်တုံးနှင့်တကွ ၁၉၈၉ အရေးအခင်းတွင် အဖမ်းဆီးခံခဲ့ရသည့် အဆင့်မြင့်အရာရှိကြီးများကိုလည်း အသုဘအခမ်းအနားသို့ တက်ရောက်ခွင့်ပိတ်ပင်ထားခဲ့သည်။ ကျောက်ကွယ်လွန်ခြင်းနှင့် ပတ်သက်ပြီး မည်သည့်ရေဒီယို၊ ရုပ်မြင်သံကြားကမှ ထုတ်လွှင့်ခြင်းမရှိဘဲ၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ်သည့် ပြည်သူ့နေ့စဉ်သတင်းစာတွင် နာရေးကြော်ငြာအနေဖြင့် တကြောင်းနှစ်ကြောင်းလောက်သာ မထင်မရှား ဖော်ပြခဲ့သည်။ ထို့ပြင် ကျောက်ကွယ်လွန်ခြင်းအားဖော်ပြခဲ့သည့် ဝက်ဆိုက်များကိုလည်း ပိတ်ဆို့ထားခဲ့သည်။ ❖

## ဆူနာမီကြိုတင်သတိပေးစနစ် အိန္ဒိယသမုဒ္ဒရာအတွင်း ၂နှစ်အတွင်း အကောင်အထည်ဖော်မည်

မိနစ်ပိုင်းအတွင်း အာရှတဝှမ်းလူပေါင်း သိန်းချီသေဆုံးသွားခဲ့ရသော ဆူနာမီအန္တရာယ်ကိုကြိုတင်သိရှိနိုင်ရန် ကြိုတင်သတိပေးစနစ်တခု အိန္ဒိယသမုဒ္ဒရာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဟု သိရသည်။



အင်ဒိုနီးရှားနိုင်ငံ၊ အာချီးမြို့တော်တွင် ဆူနာမီရေလှိုင်းဒဏ်ကြောင့် သေဆုံးခဲ့ရသူတို့၏ ရုပ်အလောင်းများ

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု (UNSCO) အဖွဲ့ကဦးဆောင်ပြီး ဂျပန်၊ အီးယူ၊ အမေရိကန်၊ ဂျာမနီနှင့် အခြားနိုင်ငံများက နည်းပညာနှင့် ငွေကြေးဒေါ်လာသန်းပေါင်း အကုန်ကျခံတည်ဆောက်မည်ဖြစ်ပြီး သမုဒ္ဒရာအောက်ကြမ်းပြင်၏ လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ရေဘေးအန္တရာယ်ကို ကမ်းရိုးတမ်းဒေသတွင်းရှိ လူသူအရောက်အပေါက်နည်းသော ဒေသများအထိ ကြိုတင်သိရှိနိုင်ရန်ဆောင်ရွက်သွားမည်ဟု ကုလကျွမ်းကျင်သူများက ဆိုသည်။ အိန္ဒိယသမုဒ္ဒရာတွင် တည်ဆောက်မည့် အဆိုပါသတိပေးစနစ်သည် မြေထဲပင်လယ်နှင့် အာရေဘီရန်ဒေသများအတွက် နမူနာဖြစ်ပြီး ကမ္ဘာတဝှမ်းရေလွှမ်းမိုးမှု၊ မုန်တိုင်းတိုက်ခိုက်မှုနှင့် မီးတောင်ပေါက်ကွဲမှုအထိ အချက်ပေးနိုင်မည်ဖြစ်ကြောင်း ကုလကျွမ်းကျင်သူများကို ကိုးကား၍ BBC သတင်းတွင် ဖော်ပြထားသည်။

### ၂၀၀၅ ဇန်နဝါရီထုတ် Time မဂ္ဂဇင်းပါ အသေအပျောက်စာရင်း

| | |
|---|---|
| ❖ တန်ဇာနီးယား | (၁၀)ဦး |
| ❖ ကင်ညာ | (၁)ဦး |
| ❖ ဆိုမားလီးယား | (၂၀၀)ဦး |
| ❖ အိန္ဒိယ | (၉,၀၀၀)ဦး |
| ❖ မော်ဒိုက်ဖ် | (၇၃)ဦး |
| ❖ ဘင်္ဂလားဒေ့ရှ် | (၂)ဦး |
| ❖ မြန်မာ | (၉၀)ဦး |
| ❖ ထိုင်း | (၅,၀၀၀)ဦး |
| ❖ မလေးရှား | (၆၆)ဦး |
| ❖ သီရိလင်္ကာ | (၂၉,၀၀၀)ဦး |
| ❖ အင်ဒိုနီးရှား | (၈၀,၀၀၀)ဦး |

## ကမ္ဘာ့လွတ်လပ်ရေး ကြွေးကြော်သံဖြင့် နိုင်ငံခြားရေးဝန်ကြီးသစ် ရိုက်စ် တာဝန်စတင်ထမ်းဆောင်

**အေအက်ဖ်ပီ။**

ကမ္ဘာတဝှမ်းလုံး လွတ်လပ်ရေးရှေ့သို့ချီရေဆိုသည့် သမတဒဗလျူဘုရှ်၏ ရဲရင့်သော အစီအစဉ်အားတိုးမြှင့်လုပ်ဆောင်နေသည့် အမေရိကား၏သံအမတ်များအား ကူညီမည့် အာမခံချက်ဖြင့်အတူ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ကွန်ဒိုလီဇာရိုက်စ်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ယူခဲ့သည်။ "လွတ်မြောက်မှုနဲ့ လွတ်လပ်ရေးအတွက် အမေရိကားက ရပ်တည်ပါမယ်"ဟု သူမက ကြေညာခဲ့သည်။ ရိုက်စ်သည် (၂၀၀၀)ခုနှစ် လှုပ်ရှားမှုများနှင့် ပထမအကြိမ်သက်တမ်းကာလတလျှောက်လုံးသမတဘုရှ်၏ အရင်းနှီးဆုံးနိုင်ငံခြားရေးပေါ်လစီအကြံပေးဖြစ်ပြီး စစ်အေးခေတ်ကာလအား အထူးပြုလေ့လာခဲ့သည့်ပညာရှင်လည်းဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူများထဲတွင် ဒုတိယမြောက်အမျိုးသမီးဖြစ်ပြီး၊ ပထမဆုံးလူမည်းအမျိုးသမီးလည်းဖြစ်သည်။ ယခင်က၎င်း၏လက်ထောက်ဖြစ်သူ စတက်ဖင်ဟက်ဒလေသည် ယခင်သူမတာဝန်ယူခဲ့သည့် အမျိုးသားလုံခြုံရေးအကြံပေးဖြစ်လာသည်။ ၎င်းသည် နိုင်ငံခြားရေးဌာနတွင်လုပ်ခဲ့သည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်ကြောင်း (၁၉၇၇) ခုနှစ် သမတဂျင်မီကာတာလက်ထက်က ပညာရေးနှင့်ယဉ်ကျေးမှုရေးရာဌာနတွင် အလုပ်သင်အဖြစ်လုပ်ခဲ့ဖူးကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ နောက်လာမည့်အပတ်တွင် ဥရောပနှင့် အရှေ့အလယ်ပိုင်းသို့ ခရီးထွက်ရန်ရှိကြောင်းနှင့် အစ္စရေး–ပါလက်စတိုင်း ငြိမ်းချမ်းရေး၊ အီရတ်စစ်ပွဲ၊ အီရန်နျူကလီးယားအစီအစဉ်၊ ဒေသတွင်း ဒီမိုကရေစီပြန့်ပွားရေးကိစ္စရပ်များကို အလေးထားဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ရုရှား–တရုတ်ဆက်ဆံရေးကိစ္စကိုလည်း ဆွေးနွေးမည်ဖြစ်သည်။ ထို့ပြင်ဝါရှင်တန်က မနှစ်သက်သည့် တရုတ်အားလက်နက်ရောင်းချရေးနှင့်ပတ်သက်သည့် ကန့်သတ်ချက်များအားလျှော့ချမည့် ဥရောပ၏ စီမံကိန်းကိုလည်းဆွေးနွေးမည်ဖြစ်သည်။




အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ်ဖြစ်သူ မစ္စ ကွန်ဒိုလီဇာရိုက်စ်

၎င်းအားအထက်လွှတ်တော်က မဲအရေအတွက် (၈၅)မဲ (၁၃)မဲဖြင့် အတည်ပြုခဲ့ပြီး (၂၆)ရက်နေ့ညနေက ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အထက်လွှတ်တော်ရှိ ဒီမိုကရက်အမတ် (၄၄)ဦးထဲမှ (၁၂) ဦး ၊ တသီးပုဂ္ဂလ (၁)ဦးတို့က ရိုက်စ်အား အတည်မပြုရန်မဲပေးကြသည်။ ဤသည်မှာ (၁၈၂၅)ခုနှစ်က ဟင်နရီကလေးအား အထက်လွှတ်တော်၌ (၂၇)မဲ (၁၄)မဲဖြင့် အတည်ပြုခဲ့သည့်အချိန်မှစ၍ ယခုထိဆိုလျှင် အမြင့်မားဆုံးဆန့်ကျင်မဲပေးမှုဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးရာထူးအတွက် အထက်လွှတ်တော်၌ ကန့်ကွက်သူမရှိ ရွေးချယ်ခံရသူနောက်ဆုံးလူမှာ(၁၉၈၁) ခုနှစ်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ အလက်ဇန္ဒားဟိတ်သ်ဖြစ်သည်။ ❖

## အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့် ညွန့်ပေါင်းစစ်သား အကျအဆုံး

[စီအင်န်အင်န်]

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့ထိကျဆုံးသွားသော အမေရိကန်နှင့် ညွှန့်ပေါင်းတပ်ဖွဲ့များမှအတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း (၁,၅၉၀)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၄၂၉)၊ ဗြိတိသျှစစ်သား (၇၆)ဦး၊ အီတလီစစ်သား (၂၀)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ဘူဂေးရီးယားစစ်သား (၇)ဦး၊ ယူကရိန်းစစ်သား (၁၇)ဦး၊ ပိုလန်စစ်သား (၁၆)ဦး၊ ထိုင်းစစ်သား (၂)ဦး၊ ဒိန်းမတ်စစ်သား (၁)ဦး၊ အစ်စ်တိုနီးယားစစ်သား (၂)ဦး၊ ဒတ်ချ်စစ်သား (၂)ဦး၊ ဟန်ဂေရီစစ်သား (၁)ဦး၊ လတ်ဗီယန်းစစ်သား (၁)၊ ဆလိုဗက်စစ်သား (၃)ဦးနှင့် ဆာဗေးဒိုးစစ်သား (၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၀,၆၂၂)ဦးရှိပြီးဖြစ်သည်။

❖

# ၁၀၄ ချက်က ဖြစ်ပေါ်စေမည့် အနာဂတ်

ဗညြ

နအဖစစ်အစိုးရက ညောင်နှစ်ပင်အမှတ်နှစ်ကို တင်ဆက်တော့မယ်။

သူတို့အတွင်းမှာ အင်မတန်ကြီးမားတဲ့ စာရင်းရှင်းပွဲကြီးတခုလုပ်နေရချိန်မှာ ညောင်နှစ်ပင်ညီလာခံကို ဘာကြောင့် ဖုတ်ပူမီးတိုက်ပွဲထုတ်ချင်နေရတာလဲ။ တကယ်ပြောရရင် မဆလခေတ်ကစပြီး ကနေ့အထိ စစ်အုပ်စုထဲမှာ အခုလို အုံလိုက်ကျင်းလိုက် အရေးယူရတာမျိုး တခါမှမရှိဘူး။ မဆလခေတ်၊ ၇၀ စုနှစ်များအတွင်းမှာ ဗိုလ်ထွန်းလင်း၊ ဗိုလ်သန်းစိန်တို့ကို ဖြုတ်တယ်ဆိုတဲ့ လူရှင်းပွဲကြီးတခုလုပ်ခဲ့တယ်။ ဒါပေမယ့် အဲဒီတုန်းက အခုလောက် မကြမ်းခဲ့ဘူး။ တနည်းပြောရရင် ဗိုလ်နေဝင်းက ပိုင်ပိုင်နိုင်နိုင်ပြန်ထိန်းနိုင်တယ်။ ဒီတခါကျတော့ သူတို့ချင်း ကတ္တီပါလမ်းခွဲမဟုတ်တော့ဘူး။ နန်းတွင်းလုပ်ကြံမှုတွေမှာလို ကတ္တီပါအိတ်နဲ့ ခေါင်းစွပ်ပြီးရှင်းတာတွေများ ရှိနေသလားတောင် မသိဘူး။

ဒီလိုအချိန်ကြီးမှာ ကောလာဟလတွေကလည်း ထွက်ပေါ်နေလိုက်တာ၊ အံ့မခန်းပဲ။ ဒီကြားထဲ စစ်ရုံးချုပ်ဆီက သေနတ်သံထွက်လာတာလည်း ကြားလိုက်ရပါရဲ့။

ဆက်တိုက်လိုပဲ နအဖတာဝန်ရှိသူတချို့က အစိုးရထဲမှာ လူအပြောင်းအလဲရှိနိုင်တယ်လို့ပြောတာလည်း ကြားကြရတယ်။

တဖက်မှာကြည့်ရင်တော့ ငြိမ်းအဖွဲ့တွေနဲ့ပတ်သက်တဲ့ သတင်းတွေကလည်း အဆက်မပြတ်ဘူး။ တောင်ဖက်မှာ စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲရေးမရသေးတဲ့အဖွဲ့ကို အစိုးရနဲ့ အပစ်အခတ်ရထားတဲ့အဖွဲ့တဖွဲ့တို့က ပေါင်းပြီး ထိုးစစ်ဆင်တယ်။ အလယ်ပိုင်းလို့ဆိုရမယ့် ဝနယ်မှာတော့ အပစ်အခတ်ရထားတဲ့ အဖွဲ့(၇)ဖွဲ့က ပူးတွဲကြေညာချက်လိုဟာတခု ထုတ်ပြန်တယ်။ မြောက်ဖျားမှာတော့ အပစ်အခတ်ရပ်ထားတဲ့ ကချင်အဖွဲ့နှစ်ဖွဲ့အကြား ပဋိပက္ခပြင်းသထက် ပြင်းထန်လာနေတယ်။ ယာလည်းညက်၊ ကြက်လည်းပမ်းမှဖြင့်....။

ခုအခါ ဗမာပြည်နိုင်ငံရေးလောက စည်ပင်လိုက်ပုံများတော့ သမိုင်းမှာ ရှာမှရှားပဲဆိုရမယ် ထင်တယ်။

ဗိုလ်ခင်ညွန့်နဲ့ ထောက်လှမ်းရေးကိုအရေးယူတာဟာ စစ်အုပ်စုအတွင်းနောင်ဂျိန်ပွဲရဲ့ ပဏာမသာရှိသေးတယ်။ မကြာခင်မှာ အများကြီး ထပ်တွေ့ရဦးမယ်။ အထူးသဖြင့် သူတို့တတွေ ညောင်နှစ်ပင်ကဖွဲ့စည်းပုံနဲ့ အစိုးရအာဏာတွေကို ခွဲယူကြပြီဆိုတဲ့အခါမှာ။ ဘာကြောင့် ဒီလိုပြောနိုင်သလဲ။

ရှင်းရှင်းပြောရရင် လက်ရှိ နအဖစစ်အုပ်စုမှာ ဗိုလ်သန်းရွှေကအစ အားလုံးသောခေါင်းဆောင်တွေဟာ ဘာအစဉ်အလာမှမရှိဘူး။ ဘာသမိုင်းဂုဏ်မှ မရခဲ့ဖူးဘူး။ အားလုံးဟာ အညတြတွေချည်းပဲ။ ဗိုလ်နေဝင်းလို့ နိုင်ငံရေးအစဉ်အလာ၊ တပ်ထဲမှာဩဇာ ညောင်းတာ၊ သူ့လက်အောက်တွေကို မီးသေတာ၊ နိုင်ငံတကာက သိအမှတ်ပြုထားကြတာ၊ ဒါမျိုးတွေမှာ ဗိုလ်သန်းရွှေတို့က ဗိုလ်နေဝင်းကို ခြေဖျားတောင်မမီဘူး။ ဒါတွေနဲ့ ပြောင်းပြန်၊ ဗိုလ်သန်းရွှေတို့ဟာ အာဏာရထားလို့သာ ဒီအခြေအနေကို ရထားတာဖြစ်တယ်။ အာဏာရထားလို့သာ ဒီရာထူးတွေ၊ ဒီစည်းစိမ်တွေခံစားရပြီး ဒီလိုဆွေမျိုးအသိုင်းအဝိုင်းတွေပါ ကြီးပွားချမ်းသာနေကြတာဖြစ်တယ်။ အာဏာသာမရှိရင် ဘာကောင်တွေမှ မဟုတ်ဘူး။ ဗိုလ်နေဝင်းကျတော့ နိုင်ငံ့ထိပ်သီးမဟုတ်တောင် ရဲဘော်သုံးကျိပ်အစဉ်အလာလိုဟာမျိုး ရှိနေသေးတယ်။ နအဖထိပ်သီးတွေကတော့ အာဏာမှ အာဏာ၊ နအဖထိပ်သီး (အနှုတ်)အာဏာ၊ (ညီမျှခြင်း) ဖွတ်ကျားပဲ။ ဒါကို ပြည်သူကလည်းသိတယ်။ ကမ္ဘာကလည်း သိတယ်။ ဒ့ါအပြင် သူတို့ဖာသာသူတို့လည်း သိတယ်။

ဒါကြောင့် သူတို့ဟာအာဏာအတွက်ဆိုရင် ဘနဖူးသိုက်တူးကြလိမ့်မယ်။ အာဏာအတွက်ဆိုရင် အစွမ်းကုန်ကြမ်းကြမှာ ဘာမှ သံသယရှိစရာ မလိုဘူး။ ဗမာပြည်လိုနိုင်ငံမှာက အာဏာနဲ့စည်းစိမ်ဟာ ဆက်နေတာ။ အာဏာရှိတဲ့လူဟာ စည်းစိမ်စုဆောင်းလို့ အလွယ်ဆုံးပဲ။ သူတို့မှာ အာဏာသာမရှိရင် စည်းစိမ်လည်းမရှိနိုင်ဘူး။

ထောက်လှမ်းရေးနဲ့ဖြစ်တဲ့ပြဿနာမှာ အရင်းကျတဲ့အချက်က တောင်ကျရေနွားနှစ်ကောင် မဝတာပဲ။ အဲဒီတောင်ကျရေကို သောက်ဖို့အတွက် အာဏာကို ထောက်လှမ်းရေးထိပ်သီးအုပ်စုက လက်ဝါးကြီးအုပ်ထားလို့ ကျန်တဲ့တပ်တွေက လုကြတာသာဖြစ်တယ်။ အခုတော့ ထောက်လှမ်းရေးအုပ်စုကိုဖြေရှင်းတဲ့ကိစ္စဟာ စစ်အုပ်စုတွင်းမှာ အာဏာသုံးပြီးဖြေရှင်းတဲ့တနည်း အပြင်းထန်ဆုံးဖြေရှင်းတဲ့အစဉ်အလာ ထူထောင်လိုက်သလိုဖြစ်သွားပြီ။ နောင်မှာ ဒီအတိုင်းပဲ ဆက်လုပ်ကြရတော့မယ်။ ခံရမယ့်လူကလည်း ဒီလိုလုပ်လာမှာတွေကို ကြိုတွက်၊ ပြင်ဆင်တာတွေဖြစ်လာလိမ့်မယ်။ တုတ်တပြက်၊ ဓားတပြက်တွေ မြင်ကြရလိမ့်မယ်။ ဒ့ါအပြင် အမေရိကန်က ဆင်ခြေပေးလေ့ရှိတဲ့ ကိုယ်ကဦးအောင်ချတယ်(pre-emptive strike) ဆိုတာမျိုးတွေတောင် လုပ်လာကြမလားမသိနိုင်ဘူး။

> **“သူတို့ရဲ့ ၁၀၄ ချက်ကျသွားရင် ဘာဖြစ်လာမလဲ။ စစ်အုပ်စုရဲ့အာဏာဟာ ခိုင်မာသေချာသွားပြီ။ ဒါကြောင့် စစ်အုပ်စု ထိပ်သီးဖြစ်ရေးအတွက် အစွမ်းကုန်လုံးပမ်းကြတော့မယ်။ ဆရာမွေး တပည့်မွေးတွေ အခုထက်ပိုသောင်းကျန်းလာမယ်။ ကိုယ့်နယ်နဲ့ကိုယ်အုပ်ချုပ်မှုဟာ ကိုယ့်စီးပွားရေးနယ်ပယ်ကို အုပ်ချုပ်တာဖြစ်လာတော့မယ်။ နောက်ပြီး အခုအခါ နအဖစစ်တပ်တွေမှာ တရားဝင်ကြေညာမထားပေမယ့် ကိုယ့်ဟာကိုယ် စစ်သားစုဆောင်းခွင့်ပေးထားသလိုဖြစ်နေတယ်။ စစ်ဘုရင်ပုံစံတွေ တွေ့လာရမှာသေချာတယ်။”**

တချိန်တည်းမှာ ပကတိဘာဝအခြေအနေတချို့ကို ထောက်ပြဖို့လည်းလိုသေးတယ်။ အဲဒါက တပ်တွေက အမြဲတိုးနေပြီး သဘာဝသယံဇာတတွေက နည်းသထက် နည်းလာနေတာပဲ။ ထောက်လှမ်းရေးအုပ်စုရဲ့ အဓိကဝင်ငွေတခုက ငြိမ်းအဖွဲ့တွေနဲ့ ပေါင်းပြီး တခြားနိုင်ငံကလူတွေကို သဘာဝသယံဇာတတွေရောင်းစားတာပဲ။ လောလောဆယ်မှာတော့ ထောက်လှမ်းရေးအုပ်စု ချုပ်ကိုင်ထားတဲ့ စားကွက်တွေကို တခြားတပ်တွေကရလာကြတာမို့ နည်းနည်းငြိမ်နေကြမယ်လို့ ထင်စရာရှိတယ်။ ဒါပေမယ့် တကယ့်အနေအထားက အဲဒီလိုမဟုတ်ဘူး။ ဒီစားကွက်တွေကို သူတို့ချင်း အငမ်းမရ၊ လုတာယက်တာတွေ မလုပ်ကြရင်ပဲ တော်လှပြီ။ ထောက်လှမ်းရေးတွေကို ဖမ်းပြီးလို့ တလမှမကြာသေးဘူး ဒိုင်းဝန်ထက် မညံ့တာကို တွေ့နေကြရပြီ။

သူတို့ရဲ့ ၁၀၄ ချက်ကျသွားရင် ဘာဖြစ်လာမလဲ။ စစ်အုပ်စုရဲ့အာဏာဟာ ခိုင်မာသေချာသွားပြီ။ ဒါကြောင့် စစ်အုပ်စုထိပ်သီးဖြစ်ရေးအတွက် အစွမ်းကုန်လုံးပမ်းကြတော့မယ်။ ဆရာမွေး၊ တပည့်မွေးတွေ အခုထက်ပိုသောင်းကျန်းလာမယ်။ ကိုယ့်နယ်နဲ့ကိုယ်အုပ်ချုပ်မှုဟာ ကိုယ့်စီးပွားရေးနယ်ပယ်ကို အုပ်ချုပ်တာဖြစ်လာတော့မယ်။ နောက်ပြီး အခုအခါ နအဖ စစ်တပ်တွေမှာ တရားဝင်ကြေညာမထားပေမယ့် ကိုယ့်ဟာကိုယ် စစ်သားစုဆောင်းခွင့်ပေးထားသလို ဖြစ်နေတယ်။ စစ်ဘုရင်ပုံစံတွေ တွေ့လာရမှာသေချာတယ်။ ဗမာပြည်မှာက သာမာန်လူထုဟာလည်း လက်နက်နဲ့ သိပ်စိမ်းတာမဟုတ်ဘူး။ တောင်ပေါ်သားကတော့ ပြောစရာတောင်မလိုဘူး။ အင်မတန် ယဉ်တယ်။ စစ်တိုက်ဖူးသူတွေလည်း မနည်းဘူး။ ဒါတွေဟာ နောင်မှာ စစ်ဘုရင်တွေအတွက် စစ်သားတွေ ဖြစ်မလာဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ပဒေသရာဇ်မင်းတွေလက်ထက်ကစလို့ လူထုဆိုတာ ယေဘုယျအားဖြင့် စစ်သားကောက်ရင် လိုက်ကြရတာပဲ မဟုတ်လား။

အဲဒါတွေအပြင် ငြိမ်းအဖွဲ့ဆိုတာတွေ ရှိသေးတယ်။ သူတို့ကို ဗိုလ်ခင်ညွန့်က သူ့စစ်အင်အားလို့ တွက်ထားတယ်ဆိုတဲ့ အဆိုမျိုးတောင်ရှိဖူးတယ် မဟုတ်လား။ နောက်ပြီး တောင်ပေါ်ဒေသဆိုတာကလည်း စစ်ရေးအရတ ဗိုလ်တမင်းလုပ်လို့ကောင်းမှကောင်း။

ဒါပေမယ့် နအဖခေါင်းဆောင်တွေမှာ တခြားလုပ်စရာမရှိ။ ရွေးစရာမရှိ။ သူတို့ကို အခြေအနေတွေက ဖိအားပေးနေတာ ကြာလေပြင်းထန်လေ ဖြစ်လာနေပြီ။ နောင်နှစ်မှာ ဗိုလ်သန်းရွှေအနေနဲ့ အေစီယံဥက္ကဋ္ဌလုပ်တယ်ဆိုရင် စစ်ဝတ်နဲ့မဖြစ်သင့်၊ လူဝတ်မှ ဖြစ်မယ်ဆိုတာ သူတို့သိတယ်။ အဲဒီအတွက် ဘယ်လိုလုပ်ကြမလဲ။ သူတို့လုပ်ချင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကလည်း အကောင်အထည်မပေါ်နိုင်သေးဘူး။ ဗိုလ်သန်းရွှေသာ အရပ်သားဟန်ဆောင်ရင် စစ်တပ်ခေါင်းဆောင်ပိုင်းအဆောက်အအုံတခုလုံး ထိန်းညှိတာတွေ လုပ်ရလိမ့်မယ်။ သူက အရပ်ဝတ်ဝတ်ပေမယ့် နောက်ကနေ တပ်ကို ကြိုးကိုင်ချင်ဦးမှာ။

အဲတော့ သူချန်ခဲ့မယ့်လူဟာ သူ့ဩဇာကိုခံဖို့ လိုသေးတယ်။ အဲဒီအခါကျရင် တပ်နဲ့ကင်းကွာပြီဖြစ်တဲ့သူ့ကို ဗိုလ်နေဝင်းကိုလုပ်သလို လူအိုရုံ ပို့ပစ်မှာစိုးရသေးတယ်။ အဲဒီ ချန်ခဲ့တဲ့ ဗိုလ်ချုပ်တွေအတွင်းရော၊ တယောက်ဩဇာကို တယောက်က အသိအမှတ်ပြုကြပါ့မလား။ သူတို့အားလုံးဟာ ဗြိဇုံနဲ့ ဗြုံဇိချည့်သာ ဖြစ်ကြတာမဟုတ်လား။

တချိန်တည်းမှာ ဗိုလ်သန်းရွှေလို ပင်စင်သက်လွန်ပြီး ကုလားထိုင်ပေါ်က ဖယ်မပေးတာကို နောက်တက်တွေက မကျေနပ်တဲ့ ပြဿနာလည်းရှိသေးတယ်။ သူတို့ကလည်း သူတို့ပင်စင်သက်မလွန်ခင် မြက်မြက်လေး စုဆောင်းမိသွားချင်ကြသေးတယ်။

ချုပ်လိုက်ရင် နအဖစစ်တပ်အတွင်းမှာ အက်ကြောင်းတွေက အများကြီး။ အဲဒီအက်ကြောင်းကနေ အပြင်ကိုပေါက်ကွဲတာ (explosion)ဖြစ်မလား၊ အတွင်းကိုပြိုကျတာ (implosion) ဖြစ်မလားမကြာခင်မှာ မြင်ရလိမ့်မယ်ထင်တယ်။ ဒါပေမယ့် ဘယ်လိုပဲပေါက်ကွဲပေါက်ကွဲ၊ ကိုယ့်ဘက်က လှုပ်ရှားနိုင်မှ ကိုယ်ဖြစ်စေချင်တဲ့ လမ်းကြောင်းအတိုင်း အဖြေထွက်မှာဖြစ်တယ် ....။

❖

## စာနယ်ဇင်းသမား(၃)တို့အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၆ ဦး ပြန်လွတ်မြောက်

ဇန်နဝါရီ(၂)ရက်နေ့က အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးအပါအဝင် စာနယ်ဇင်းသမား(၃)ဦး၊ ကေအဲန်ယူအဖွဲ့ဝင် (၁)ဦးတို့ပါဝင်သည့် နိုင်ငံရေးအကျဉ်းသား (၂၆)ဦးတို့ နိုင်ငံအနှံ့အပြားရှိ အကျဉ်းထောင်အသီးသီးမှ ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။

ယခုပြန်လည်လွတ်မြောက်လာသူ (၂၆) ဦးတို့တွင် ၉၀ခုနှစ်ရွေးကောက်ပွဲအနိုင်ရ တောင်ကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ခင်နှင့် အဖွဲ့ချုပ်သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ကဗျာဆရာအယ်ဒီတာ ဖျာပုံနီလုံဦး (ခ) ဦးအောင်မြင့်၊ First Eleven အားကစားဂျာနယ်အယ်ဒီတာချုပ် ကိုဇော်သက်ထွေး၊ ကရင်အမျိုးသားအစည်းအရုံးအဖွဲ့ဝင် ဦးတင်စိုးတို့ ဖြစ်သည်။

သတင်းများအရ ထိုနေ့က ပြန်လွတ်လာသူများတွင် အင်းစိန်ထောင်မှ ဖျာပုံနီလုံဦး၊ ကိုဇော်သက်ထွေး(နိုင်ငံတော်ခေါင်းဆောင်များအား လုပ်ကြံရန် ကြံစည်မှုနှင့်စွပ်စွဲခံရ)၊ ပဲခူးမှဦးအေးမြင့်နှင့် နိုင်မင်းကြည်(အိုင်အယ်လ်အိုအလုပ် သမားအဖွဲ့ချုပ်ထံသတင်းပေးမှုနှင့် သေဒဏ်ချမှတ်ခံရ)နှင့် ရန်ကုန်တိုင်း အဖွဲ့ချုပ်ဝင် ကိုမြိုး (ခ)ကိုရွှေဂျိုးတို့ ဖြစ်သည်။ သရက်ထောင်မှ ပြန်လွတ်လာသူများတွင် တောင်ကြီးပြည်သူ့ကိုယ်စားလှယ်ဦးကျော်ခင်နှင့်အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်ဦးသိန်းတန် (မန္တလေးတိုင်း အဖွဲ့ချုပ်)နှင့် အဖွဲ့ချုပ်ဗဟိုလူငယ်မှ ကိုမြင့်စိုးနှင့် သေဒဏ်အပြစ်ပေးခံထားရသည့်ကရင် အမျိုးသားအစည်းအရုံးမှဦးတင်စိုးတို့ ဖြစ်သည်။

အခြားသူများမှာ မြင်းခြံထောင်မှ ကိုစိုးအောင်၊ ကို အောင်မြတ်၊ ကိုမောင်မောင်၊ ရွှေဘိုထောင်မှကိုမောင်မြင့်၊ ကိုခင်မောင်လတ်၊ ပြည်ထောင်မှ ကိုဖိုးပါ (ခေါ်)ကိုသန်းထွန်းဦး၊ ကိုမောင်မောင်(ခေါ်) ဟိန်းလတ်အောင်၊ ကိုဗလခေါ် ကိုရဲကျော်လွင်တို့ ဖြစ်သည်။ မြစ်ကြီးနားထောင်မှ ပြန်လွတ်လာသူများမှာ ကိုမျိုးညွန့်၊ ကိုထွန်းလွင်၊ ကိုသန်းနိုင်၊ မြောင်းမြထောင်မှ ဦးသာလင်းတင်၊ ကိုဖုန်းသက်ပိုင်၊ ကိုအောင်ခိုင် ဇော်တို့နှင့် တောင်ငူထောင်မှ (၃)ဦးတို့ ပါဝင်သည်။ ယခုလို နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်မြောက်လာခြင်းနှင့်စပ်လျဉ်း၍ နအဖပိုင် သတင်းစာမြန်မာ့အလင်းတွင် ၅၇–ကြိမ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြန်လည်လွှတ်ပေးခြင်းဟု ဖော်ပြခဲ့သည်။

ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားစောင့်ရှောက်ရေးအဖွဲ့၏အဆိုအရမူ အကျဉ်းထောင်များတွင် နိုင်ငံရေး အကျဉ်းသား ၁၄၀၀–ကျော်ကျန်ရှိနေ သေးကြောင်းနှင့်အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်ကလည်း ၁၉၉၀ ခုမှစ၍ ယနေ့အချိန်အထိ ဖမ်းဆီးခံထားရသည့်အဖွဲ့ချုပ်ဝင် (၁၄၂)ဦး ကျန်ရှိနေဆဲဟုဆိုသည်။

❖

# ကေအဲန်ပီပီနှင့် ကေအဲန်အယ်လ်အေတပ်စခန်းများအား နအဖတပ်က ဝင်ရောက်တိုက်ခိုက်

ကရင်နီတပ်မတော် အခြေခံစစ်စခန်းများအား သိမ်းပိုက်နိုင်ရေးအတွက် ယခုနှစ် နှစ်ဆန်းပိုင်း ဇန်နဝါရီ (၁၀)ရက်နေ့နံနက်ပိုင်းမှစတင်ခဲ့သည့် နအဖတပ်နှင့် အပစ်အခတ်ရပ်ထားသော ပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ထိုးစစ်သည် အကျအဆုံးများပြားပြီး အခြေမလှဖြစ်နေကြောင်း သိရသည်။

ကရင်နီနယ်မြေအတွင်း တပ်စွဲထားသည့် ခမရ (၃၃၇)၊ ခလရ(၅၄)နှင့် ရှမ်းပြည်အခြေစိုက် ခလရ(၁၃၄)၊ (၁၃၅)တို့ ပါဝင်သည့် နအဖတပ်များသည် ယင်းတို့နှင့် အပစ်ရပ်စဲထားသည့် ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)အဖွဲ့တို့မှ ပူးပေါင်းအင်အား (၈၀၀)ခန့်ဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ကေအဲန်ပီပီ၏ အခြေခံစခန်းများကို သိမ်းပိုက်နိုင်ရန် ထိုးစစ်များဆင်နွှဲလျက်ရှိရာ ဇန်နဝါရီလကုန်ပိုင်းအထိ တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားလျက်ရှိသည်။

အဆိုပါထိုးစစ်တွင် နအဖတပ်များက လက်နက်ကြီးများသုံး၍ အပြင်းအထန်တိုက်ခိုက်နေလျက်ရှိသည့်အပြင် ကရင်နီအခြေစိုက်စခန်းများကိုသာမက ထိုင်း–မြန်မာနယ်စပ် မယ်ဟောင်ဆောင်ခရိုင်အတွင်းရှိ ဒုက္ခသည် ၂၀၀၀၀ ကျော်နေထိုင်သည့် ဒုက္ခသည်စခန်းကိုပါ ဝင်ရောက်တိုက်ခိုက်လာနိုင်ကြောင်း သတင်းများထွက်ပေါ်နေသဖြင့် ဒုက္ခသည်များ ထိတ်လန့်စိုးရိမ်နေရသည်ဟု ဆိုသည်။

ဇန်နဝါရီ ၃၁ နေ့ သတင်းများအရ ယခုအချိန်အထိ နအဖဘက်က ထိုးစစ်အောင်မြင်မှုမရနိုင်သေးဘဲ အကျအဆုံးထိခိုက်မှုများ ပိုမိုများပြားလျက်ရှိပြီး ဇန်နဝါရီ ၃၀ရက်နေ့တနေ့တည်းတွင် နအဖစစ်ဗိုလ်တဦး (အမည်မသိ)နှင့် စစ်သား (၄)ဦးတို့အလောင်းများ ရရှိခဲ့သည်ဟု ကေအဲန်ပီပီက သတင်းထုတ်ပြန်ခဲ့သည်။

အလားတူ နအဖနှင့် နှုတ်ကတိအရ အပစ်အခတ်ရပ်စဲထားသည့် ကေအဲန်ယူ အခြေစိုက်စစ်စခန်းများကို နအဖဘက်က ဝင်ရောက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၁၁ ရက်နေ့ မနက်ပိုင်းက ထိုင်းနိုင်ငံ အုန်းဖန်ဒေသမှ ၁၂ မိုင်ခန့်ကွာဝေးသည့် ကလောဝေါရွာမှ ကေအဲန်အယ်လ်အေ တပ်ရင်း ၂၀၁ ကို အင်အား ၃၀၀ခန့်ရှိ နအဖတပ်ရင်း(၂)ရင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုတပ်များမှာ ခမရ ၃၅၆ နှင့် ၂၃၀ တို့ဖြစ်ကြောင်း ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက ပြောကြားချက်အရသိရပြီး ၎င်းတို့သည် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပနေခြင်းကို လာရောက်နှောင့်ယှက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုတိုက်ပွဲကြောင့် အနီးအနားရှိ ကျေးရွာများ ရှောင်ပုန်းထွက်ပြေးခဲ့ရာ ထိုင်းအာဏာပိုင်များ၏ ပြောကြားချက်အရ တပ်ခ်ခရိုင် အုန်းဖန်မြို့နယ်အတွင်းသို့ ဒုက္ခသည် ၄၀၀ နီးပါးရောက်ရှိလာသဖြင့် ယာယီလက်ခံထားရသည်ဟု ဆိုသည်။

ထိုနေ့ကစစ်ပွဲအတွင်း နအဖတပ်မှ စစ်သား ၁၀ ဦးသေဆုံးပြီး ၇ ယောက်လက်နက်ချကာ လက်နက်မျိုးစုံ ၁၅ မျိုး သိမ်းဆည်းရမိခဲ့ကြောင်း ပဒိုမန်းရှာအဆိုအရသိရသည်။

ကေအဲန်ယူသည် ယမန်နှစ် ဇန်နဝါရီလက ဗိုလ်ချုပ်ကြီးစောဘိုမြ ရန်ကုန်မြို့သို့ သွားရောက်ခဲ့စဉ် နအဖနှင့် အပစ်အခတ်ရပ်စဲရန် နှုတ်ကတိရထားပြီးဖြစ်သော်လည်း အဘယ်ကြောင့် ယခုလို ဝင်ရောက်တိုက်ခိုက်နေမှုများပြုလုပ်နေသည်ကို မိမိအနေဖြင့် မသိရှိကြောင်း ပဒိုမန်းရှာကပြောကြားသည်။

ကေအဲန်ပီပီနှင့် နအဖအကြားတွင်လည်း ငြိမ်းချမ်းရေးအဖွဲ့များ၏ ကြားဝင်စေ့စပ်မှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်လာရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ကေအဲန်ပီပီသည် ၁၉၉၅ ခုနှစ်က နအဖနှင့် အပစ်အခတ်ရပ်စဲခဲ့သော်လည်း လပိုင်းအကြာတွင် ပျက်ပြားသွားခဲ့ရသည်။

❖

# မကွေးတိုင်း ပေါက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ကြည်ကွယ်လွန်

မကွေးတိုင်း၊ ပေါက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ကြည် အသက် (၅၄ )နှစ်သည် ဇန်နဝါရီ (၂)ရက်နေ့က အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။

ဦးခင်မောင်ကြည်သည် ၁၉၉၁ ခုနှစ်က ကျူရှင်အက်ဥပဒေဖြင့် ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ် (၁)နှစ်ချမှတ်ခြင်းခံခဲ့ရသူဖြစ်သည်။ ထောင်မှလွတ်မြောက်လာချိန်တွင် အာဏာပိုင်များက ဖိအားပေးနေသည့်ကြားမှ အဖွဲ့ချုပ်၏လုပ်ငန်းတာဝန်များကို တက်ကြွစွာ ဆက်လက်လုပ်ကိုင်ခဲ့သူဖြစ်သည်။

ကွယ်လွန်သူ ဦးခင်မောင်ကြည်၏ ဈာပနအခမ်းအနားကို ဇန်နဝါရီ(၆)ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွယ်လွန်ချိန်တွင် မောင်နှမ (၃)ဦး ကျန်ရစ်သည်။

❖

# အသေထွက်ကိန်းကြုံနေသည့် ဗိုလ်ချုပ်မှူးကြီးအတွက် ယတြာချေရန် ဒေါ်ကြိုင်ကြိုင် စီစဉ်

နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇာတာအရ အသေထွက်ကိန်းကြုံနေသည်ဟု ရန်ကုန်တွင် ကောလဟလများထွက်ပေါ်နေသဖြင့် ဇနီးဖြစ်သူဒေါ်ကြိုင်ကြိုင်က ယတြာချေသည့်အနေဖြင့် နတ်ကန္တာရပွဲပေးရန် အပူတပြင်းစီစဉ်နေကြောင်း ရန်ကုန်မှလာသည့် သတင်းများအရသိရသည်။

ဗိုလ်ချုပ်မှူးကြီးကိုးကွယ်နေသည့် ဘိုးတော်နှင့်ဗေဒင်ဆရာများက ဇာတာအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယခုနှစ်အတွင် အသေထွက်ကိန်းကြုံနေကြောင်း ဟောခဲ့သည့်အတွက် ဒေါ်ကြိုင်ကြိုင်ကြိုင်က ယတြာချေသည့်အနေဖြင့် ဗလိနတ်စာကျွေးရန် ရန်ကုန် ဂွတ္တာလစ်အပိုင်းတွင်နေထိုင်သည့် နတ်ကတော်များကိုပင့်ဖိတ်၍ နတ်ကနားပေးရန် နတ်ကတော်စာရင်းကို ယင်းတို့၏ အ စေအပါးများက ရှာပေးနေရကြောင်း ရန်ကုန်မြို့ခံတဦး၏ အဆိုအရ သိရသည်။

အဆိုပါ ကောလဟလမျိုး နအဖဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့် မပြုတ်ကျမီကလည်း ရန်ကုန်မြို့တွင် ပေါ်ပေါက်ခဲ့ဖူးပြီး ကောလဟလအတိုင်းအမှန် တကယ်ဖြစ်လာသဖြင့် ယခုဖြစ်ပေါ်နေသည့် ကောလာဟလအပေါ်တွင်လည်း လူထုကယုံကြည်နေကြသည်ဟု ဆိုသည်။ ယခုဖြစ်ပေါ်နေသည့် ဗိုလ်ချုပ်မှူးကြီး၏ အသေထွက်ကိန်း ဘယ်တော့ဖြစ်လာမည်ကိုလည်း ရန်ကုန်လူထုက စောင့်ကြည့်နေကြကြောင်း ရန်ကုန်သတင်းများအရ သိရသည်။

❖

[redacted]

အခမ်းအနားတဝက်နဲ့ပဲ သင်္ဂြိုလ်တာပါ။ အခုလိုသေပြီးမှဂုဏ်ပြုတာ ထူးဆန်းနေတယ်ဟု မိုးကြိုးသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

မြန်မာစစ်ခေါင်းဆောင်များကြား အာဏာလွန်ဆွဲပွဲများ၊ သေနတ်ပစ်ပွဲများနှင့် စပ်လျဉ်း၍ စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက မဟုတ်ပါဟု ငြင်းဆိုခဲ့သော်လည်း ဗိုလ်သန်းရွှေနှင့် ဗိုလ်မောင်အေးကြား အာဏာလွန်ဆွဲပွဲများကြောင့် ဝန်ကြီးချုပ်ဗိုလ်စိုးဝင်း ရာထူးမှဖယ်ရှားခံရသည်ဟူသော သတင်းများ တပတ်လုံးကြီးထွားနေခဲ့သည်။ နောက်ပိုင်းတွင် မြန်မာရုပ်မြင်သံကြားမှ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးနှင့် ဗိုလ်စိုးဝင်းတို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(ဘီအီးဒီ)သင်တန်းအမှတ်စဉ် (၃၆) သင်တန်းဆင်းပွဲသို့ အတူတကွတက်ရောက်နေကြပုံကို ဖော်ပြခဲ့သည်။ သို့သော်လည်း နအဖထိပ်ပိုင်းအုပ်စုတွင် တင်းမာမှုများရှိနေကြသည်ဟု ပြည်တွင်း၊ ပြည်ပနိုင်ငံရေးအကဲခတ်များက သုံးသတ်လျက်ရှိသည်။

စစ်တပ်ရေးရာ လေ့လာသူတချို့ကမူ ဘိုဝင်းထွန်းသေဆုံးရလောက်အောင် စစ်အုပ်စု၏ လေးလပတ်အစည်းအဝေးတွင် အာဏာလွန်ဆွဲပွဲများ ဖြစ်ပွားခဲ့သော်လည်း စစ်အုပ်စု၏ ဘုံအကျိုးစီးပွားအတွက် ပြန်လည်၍ 'ကော်ကပ်ညီညွတ်ရေး'တည်ဆောက်ခဲ့ဟန်တူကြောင်း၊ သို့သော်ရေရှည်တွင်မူ တိုင်းပြည်အကြီးအကျယ် နစ်နာဆုံးရှုံးစေမည့် ပိုမိုပြင်းထန်သည့်အကွဲအပြဲများ စစ်အုပ်စုအတွင်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဟောကိန်းထုတ်လျက်ရှိသည်။ ❖

[redacted]

များစွာ ကုစားကြရမှာပါ။

အာဃာတကင်းကင်းနဲ့ ညီရင်းအကိုချစ်စိတ်နဲ့ ငြိမ်းချမ်းပြီးစစ်မှန်တဲ့ ပြည်ထောင်စုကြီးကို စိတ်ရှည်လက်ရှည် တည်ဆောက်ကြရမှာပါ။

(၁၀)

"ကျမတို့ဟာ အတိတ်ရဲ့အရိပ်မဲတွေအောက်မှာ ဘယ်တော့မှလမ်းမလျှောက်ဘူး။ ကျမတို့မှာ မေတ္တာပဲရှိတယ်။

အာဃာတဆိုတာ မရှိဘူး။

အာဃာတနဲ့ ညီညွတ်ရေးကိုတည်ဆောက်လို့ မရဘူး။

အာဃာတနဲ့ ဖိနှိပ်လို့ပဲရတယ်။ ကျမတို့ကတော့ မေတ္တာနဲ့ အလုပ်လုပ်သွားမယ်" လို့ ဒေါ်အောင်ဆန်းစုကြည်က ၁၉၉၇၊ စက်တင်ဘာ ၂၇ရက်နေ့ ပါတီတည်ထောင်ခြင်း ၉နှစ်မြောက်အခမ်းအနားမှာ လူထုကို ရှင်းရှင်းလင်းလင်း ပြောပြခဲ့ပါတယ်။

အခုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက၊ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ၂၀၀၄၊ ဒီဇင်ဘာ(၂)ရက်နေ့မှာတစ်ကြိမ်၊ (၂၃)ရက်နေ့မှာ တကြိမ်၊ တိုင်းပြည်နဲ့ ပြည်သူလူထုကြီးရဲ့ အကျိုးကို ရှေးရှုပြီး တွေ့ဆုံဆွေးနွေး အဖြေရှာကြဖို့ စာရေးသားပေးပို့ခဲ့ပါတယ်။

"အားလုံးအခြေအနေအရပ်ရပ်ကို ခြုံငုံပြီးပြောမယ်ဆိုရင် အန်ကယ်လ်တို့က တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့မူအရ ညီညီညွတ်ညွတ်နဲ့ သဟဇာတဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် အန်ကယ်လ်တို့ကတွေ့ကြရင်ကောင်းမယ်ပေါ့။ ဒါဟာ ပထမ အန်ကယ်လ်တို့ကြေညာချက်တခုပါ။ အဲလိုကိစ္စမှာ တော်တော်နဲ့ အစပေါ်မလာသေးတဲ့အပိုင်းမှာ အန်ကယ်လ်တို့ကပဲ အစဖော်လိုက်တယ်။ ဟိုဒင်းပေါ့၊ သင်ပုန်းချေရေးပေါ့။ သင်ပုန်းချေရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ကျနော်တို့စပြီးဆွေးနွေးကြရအောင်ဆိုတာမျိုး ထပ်ပြီးတော့ကမ်းလှမ်းတာပါ။ ဒီကိစ္စက အန်ကယ်လ်တို့ တဖွဲ့တည်းတင် မဟုတ်ဘူး။ CRPP ခေါ်တဲ့ တိုင်းရင်းသားများနဲ့ ရွေးကောက်ပွဲတုန်းက အနိုင်ရခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရှိတဲ့ပါတီဝင်တွေနဲ့ ပေါင်းပြီးဖွဲ့စည်းထားတဲ့ CRPP ရဲ့ သဘောတူညီချက်ယူပြီး ကြေညာချက်တွေ ထုတ်ခဲ့တာဖြစ်ပါတယ်"

NLDရဲ့ ပြောခွင့်ရပုဂ္ဂိုလ် အန်ကယ်လ် ဦးလွင်ရဲ့ ပြောပြချက်ပါ။

တနေ့တခြား ပိုပိုပြီးဆိုးဝါးနိမ့်ကျလာတဲ့ တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ အခြေအနေတွေကို ထောက်ထားပြီး ....

NLD ကတော့ သဘောထားကြီးစွာ၊ အမြော်အမြင်ကြီးစွာနဲ့ ကမ်းလှမ်းလိုက်ပါပြီ။

(၁၁)

ဆူနာမီလျှင်ကြီးလှုပ်တော့မယ်ဆိုတော့ လူတွေက သိပ်သတိမထားမိလိုက်ကြပေမယ့် ....

ပုရွက်ဆိတ်တွေက နေရာတွေရွှေ့ကြ။

ငှက်တွေက အသိုက်ပြောင်းကြ။

တွင်းအောင်းနေတဲ့ မြွေတွေတောင် တွင်းတွေထဲကထွက်ပြီး ခရီးနှင်ကြ စတာတွေ လုပ်ကြပါသတဲ့။

NLD နဲ့ CRPP ရဲ့ ကမ်းလှမ်းချက်ကို အသိအမှတ်မပြုဘဲနေရုံ၊ မသိကျိုးကျွံပြုနေရုံနဲ့ ပြဿနာက အေးချမ်းသွားမှာ မဟုတ်ပါဘူး။

မောင်ပြည်သူရဲ့ 'ရွှေရေး ပန်းကန် မတက်သင့်ပါ'ဆိုတာမျိုးနဲ့လည်း ဘာမှဖြစ်မလာနိုင်ပါဘူး။ ဒီချဉ်းကပ်ပုံမျိုးတွေဟာ အဖြေနဲ့ ဝေးလွန်းလှပါတယ်။ နအဖအနေနဲ့ ဆူနာမီကို ရှောင်လွှဲလို့မရပေမယ့် ....

ငှက်တွေ အသိုက်ပြောင်းတာကိုတော့ သတိထားကြည့်မိဖို့ လိုလိမ့်မယ်ထင်တယ်။ စိတ်စေတနာရိုးရိုးဖြောင့်ဖြောင့်နဲ့ တိုင်းပြည်နဲ့ ပြည်သူတရပ်လုံးရဲ့မျက်နှာကို ကြည့်စေချင်တယ်ဗျာ။

ကျနော်တို့ ငြိမ်းချမ်းချင်လှပါပြီ။ ရာစုတဝက်ကျော်ကျော် လောင်ကျွမ်းနေတဲ့ မီးတွေကို ကျနော်တို့ အတူတူငြိမ်းကြရအောင်ပါ။ စဉ်းစားကြည့်စေချင်တယ်။

တကယ်ဆိုရင် (ခင်ဗျားတို့) စစ်အုပ်စုရဲ့ ကလေးတွေတင်ပါးမှာလည်း မည်းပြာပြာ အကွက်ကလေးတွေ ရှိနေလိမ့်မယ်ဆိုတာ ကျနော် ယုံတယ်။ ။❖

ဇွန်မိုး

(၁၉–၁–၂၀၀၅)

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

စာမျက်နှာဖွဲ့စည်းမှု
မောင်မောင်ဦး

မိုးကြိုး
သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# "အလုံးစုံ ချေမှုန်းသုတ်သင်ရေး မူဝါဒရပ်ဆိုင်းရန် ကရင့်တော်လှန်ရေးနေ့တွင် နအဖ အား ကေအဲန်ယူမှ တောင်းဆို"

(၅၆)ကြိမ်မြောက် ကရင့်တော်လှန်ရေး အခန်းအနားကို ဇန်နဝါရီလ (၃၁)ရက်နေ့၌ ကော်သူလေးပြည်နယ်အနှံ့အပြားရှိ တပ်မဟာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ဟု သိရှိရသည်။ ကရင်အမျိုးသား အစည်းအရုံးဗဟိုဌာနချုပ်၏ ဗဟိုလုပ်အမှုအဆောင်အဖွဲ့မှ ကရင်တော်လှန်ရေးနေ့နှင့် စပ်လျဉ်း၍ ကြေညာချက်တစောင်ထုတ်ပြန်ရာ၌ "ကရင့်တော်လှန်ရေးသည် အချိန်ကြာမြင့်စွာကတည်းကပင် အုပ်စိုးသူအဆက်ဆက်၏ အလုံးစုံချေမှုန်းသုတ်သင်ရေးပေါ်လစီကို ရင်ဆိုင်ခဲ့ရကြောင်း၊ ယခုလက်ရှိ နအဖအစိုးရသည်လည်း ကရင်အမျိုးသားများအပေါ် ဆင်နွဲနေသည့် ယင်းအလုံးစုံချေမှုန်းရေးမူဝါဒအား စွန့်လွှတ်ခြင်းမရှိသေးကြောင်း၊ သို့ပါ၍ နအဖအား ယင်းပေါ်လစီကို စွန့်လွှတ်ရန်တောင်းဆိုလိုက်ပြီး တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး၊ အဓိပ္ပာယ်ရှိသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို နှောင့်နှေးမှုမရှိစေဘဲ စတင်ရေးနှင့် ယခုဆင်နွဲနေသော ကရင်နီပြည်နယ်ထိုးစစ်အား ရပ်ဆိုင်းရေးကို တောင်းဆိုထားသည်ကို တွေ့ရသည်။



ကေအဲန်အယ်လ်အေ ကာကွယ်ရေးဌာနတာဝန်ခံ ဗိုလ်ချုပ်ကြီး စောဘိုမြ မိန့်ခွန်းပြောကြားစဉ်

ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌကြီး ပဒိုစောဘသင်စိန်က "ကရင်လက်နက်မချသရွေ့ ကရင့်တော်လှန်ရေး ဘယ်တော့မှ မရှုံး "ဟူသော စောဘဦးကြီး၏ မိန့်မှာချက်ကို ကိုးကား၍ ဒီမိုကရေစီအင်အားစုများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ထူးခြားချက်မှာ နာမကျန်းဖြစ်နေသည်ဆို၍ ကရင်တော်လှန်ရေးလှုပ်ရှားမှုမြင်ကွင်းမှ အတန်ကြာပျောက်ကွယ်နေသော ကေအဲန်အယ်လ်အေ ကာကွယ်ရေးဌာနတာဝန်ခံ ဗိုလ်ချုပ်ကြီး စောဘိုမြကို စစ်ဝတ်စုံအပြည့်ဖြင့် မိန့်ခွန်းပြောကြားသွားသည်ကို တွေ့မြင်ရခြင်းပင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးက တော်လှန်ရေးအား တန်ဖိုးထားရန်၊ သစ္စာရှိရန် တောင်းဆိုလိုက်ပြီး ဆက်လက်တိုက်ပွဲဝင်သွားရန် ကရင်တမျိုးသားလုံးအား နှိုးဆော်ခဲ့သည်။ ယင်းအခမ်းအနားတွင် စစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး စောမူတူးစေဖိုးက ဂုဏ်ပြုခံတပ်ဖွဲ့အား လိုက်လံစစ်ဆေးခဲ့ကြောင်းသိရှိရသည်။ ❖



ကေအဲန်အယ်လ်အေ စစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး စောမူတူးစေဖိုး

# ကေအဲန်ယူ နှင့် နအဖ အကြား အပစ်အခတ်ရပ်စဲရေး ပြန်ဆွေးနွေးမည်

နှုတ်အားဖြင့် အပစ်အခတ်ရပ်စဲထားသော ကေအဲန်ယူနှင့် နအဖတို့အကြား လာမည့် မတ်လပထမအပတ်တွင် ထပ်မံဆွေးနွေးမည်ဟု သိရသည်။ ယခုအကြိမ် ဆွေးနွေးပွဲကို မွန်ပြည်နယ်မော်လမြိုင်မြို့တွင် ပြုလုပ်မည်ဖြစ်ပြီး ဆွေးနွေးပွဲတက်ရောက်ရန် ကေအဲန်ယူကိုယ်စားလှယ်များကို ဖေဖော်ဝါရီ ဒုတိယအပတ်တွင်း ရွေးချယ်သွားမည်ဟု ကေအဲန်ယူနိုင်ငံခြားရေးတာဝန်ခံ စောဒေးဗစ်ထောကို ကိုးကား၍ ခေတ်ပြိုင် အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ)သည် စစ်အာဏာရှင် အဆက်ဆက်ကို နှစ်ပေါင်း (၅၀)ကျော် လက်နက်စွဲကိုင်တော်လှန်ခဲ့ပြီး ယမန်နှစ် ဇန်နဝါရီက နအဖနှင့် နှုတ်ကတိဖြင့် အပစ်အခတ်ရပ်စဲခဲ့ကြသည်။

သို့သော် (၁၃)ကြိမ်မြောက် ကေအဲန်ယူ ညီလာခံကျင်းပနေစဉ်ကာလအတွင်း နအဖတပ်က ကရင်ကျေးရွာ (၁၀)ရွာကို ဝင်ရောက်မီးရှို့ခဲ့သဖြင့် ရွာသား(၁၀၀၀) ကျော် ကျေးရွာစွန့် ထွက်ပြေးခဲ့ကြရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ကျရောက်သည့် (၅၆)နှစ်မြောက် ကရင်တော်လှန်ရေးနေ့တွင် ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ) ဥက္ကဋ္ဌ ပဒိုစောဘသင်စိန်က "တရားမျှတမှု၊ လွတ်လပ်မှု၊ တန်တူရည်တူရှိမှုတို့ရရှိရေးအတွက် ကရင်တော်လှန်ရေးကို ဆင်နွှဲလာခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ကေအဲန်ယူအနေဖြင့် ကရင်အမျိုးသားရေး ပြဿနာနိုင်ငံရေးအရ ငြိမ်းချမ်းစွာအဖြေရှာရေးအတွက် ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။❖

# ရပ်နားထားသော အမျိုးသားညီလာခံ ဖေဖော်ဝါရီ (၁၇)တွင် ပြန်လည်ကျင်းပမည်ဟုဆို

ရက်အကန့်အသတ်မရှိရပ်နားထားခဲ့သည့် အမျိုးသားညီလာခံကို လာမည့်ဖေဖော်ဝါရီ (၁၇)ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဟု နအဖစစ်အုပ်စုက ကြေညာခဲ့သည်။

ရန်ကုန်တွင်ကျင်းပသည့် ညီလာခံကျင်းပရေးအစည်းအဝေးတခုတွင် ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားခဲ့ခြင်းဖြစ်ပြီး ကိုယ်စားလှယ်အားလုံး (၁၅)ရက်နေ့ထက်နောက်မကျဘဲ ညောင်နှစ်ပင်စခန်းသို့ အရောက်လာရမည်ဟု ဆိုသည်။

၂၀၀၃ ခု၊ ဩဂုတ်လ (၃၀)ရရက်နေ့က ကြေညာခဲ့သည့် နအဖ၏ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၇)ဆင့်အရ ကျင်းပနေသည့် ထိုညီလာခံတွင် စစ်အုပ်စုစိတ်တိုင်းကျဖိတ်ကြားထားသည့် ညီလာခံကိုယ်စားလှယ် (၁၀၈၈)ဦး တက်ရောက်နေပြီး ယင်းတို့အနက်အပစ်အခတ်ရပ်စဲထားသည့် လက်နက်ကိုင်အဖွဲ့အစည်း() ပါဝင်သည်။ တက်ရောက်လာသည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များအနက် အဖွဲ့(၂)ဖွဲ့က ယမန်နှစ်မေလတွင်ကျင်းပခဲ့သော ညီလာခံအတွင်း ဖက်ဒရယ်မူ(၇)ချက်ကို တင်ပြခဲ့ရာ နအဖကငြင်းဆိုခဲ့ပြီး ညီလာခံကိုရပ်နားထားခဲ့ခြင်းဖြစ်သည်။ အဆိုပါညီလာခံကို ယမန်နှစ်က ပြန်လည်ကျင်းပစဉ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများက သပိတ်မှောက်ခဲ့သည်။

ယခုပြန်လည်ကျင်းပမည့် ညီလာခံတွင် အဆိုပါအဖွဲ့များအားဖိတ်ကြားမည်မဟုတ်ကြောင်း နအဖက ကြေညာထားသည်။ ❖

New Promotion on VCD Making

Mini - DV & Handy CAM



ကိုယ်တိုင်ရိုက်ကူးမှတ်တမ်းတင်၊
တည်းဖြတ်ခြင်း၊ စာတမ်းထိုးခြင်း၊
နောက်ခံစကားပြောနှင့်
တေးဂီတထည့်သွင်းခြင်းတို့ကို
အရည်အသွေးကောင်းမွန်စွာဖြင့်
ဗီစီဒီနှင့် ဒီဗီဒီများ အလျင်အမြန်ဂရုတစိုက်
ပြုလုပ်ပေးနေပါပြီ

P.O.Box (91)
63110, Mae Sot,
Tak, Thailand
လူထုလက်ရုံး စတူဒီယို
EMail - mojo_professional@yahoo.com
Mobile - 061180177
- 071729803




## မိုးကြိုးစာဖတ်ပရိသတ်သို့...

စတင်ထုတ်ဝေစဉ်မှ ယနေ့အထိ မိုးကြိုးသည် "လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံကြ"ဟူသည့် ဆောင်ပုဒ်ကို နဖူးစီးတွင် မြင့်မားစွာလွှင့်ထူဆဲဖြစ်သည်။ စီအာရ်ပီပီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) ရည်မှန်းချက်များသည် ပြည်သူလူထုတရပ်လုံး၏ အနာဂတ်မျှော်မှန်းချက်များကို ဖြည့်စွမ်းမည်ဟု ယူဆသည့်အပြင် ယနေ့ဒီမိုကရေစီတော်လှန်ရေးကြီး၏ ရှေ့ဆောင်တပ်ပေါင်းစုကြီးသဖွယ်ဖြစ်သည်ဟု ယုံကြည်သည်။

သို့ပါ၍ ၂၀၀၅ ဖေဖော်ဝါရီမှစ၍ စီအာရ်ပီပီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) စာမျက်နှာ" လစဉ်တင်ဆက်သွားမည်ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့
မိုးကြိုးသတင်းစဉ်
မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ